# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၉–၉–၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ရဲအက်ဥပဒေ(The Police Act 1945)အား ခေတ်နှင့်လျော်ညီသော ဥပဒေဖြစ်အောင် ပြုပြင်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **အများပြည်သူနှင့် ယာဉ်များသွားလာနေသည့် လမ်းများပေါ်ရှိ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုများဖြစ်ပေါ်နိုင်သည့် အန္တရာယ်အကွေ့များတွင် လမ်းနှင့် ယာဉ်များအား ကွယ်နေသည့် အဆောက်အဉီ၊ ဈေးဆိုင်နှင့် အပင်များကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
## (၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်၊

(၂) ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ခွင့် ၂ ရက်၊

(၃) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၄) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၇) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၁၀) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၂ ရက်၊

(၁၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၁၂) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၁၃) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၁၄) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်နှင့်

(၁၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ရဲအက်ဥပဒေ(The Police Act 1945)အားခေတ်နှင့် လျော်ညီသော ဥပဒေဖြစ်အောင်ပြုပြင်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကော့သောင်းမဲဆန္ဒနယ်က ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ရဲအက်ဥပဒေကို ခေတ်ကာလနှင့် လျော်ညီသောဥပဒေဖြစ်အောင် ပြုပြင်ရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၄၅ ခုနှစ် လွန်ခဲ့သော ၇၁ နှစ်က ရဲအက်ဥပဒေအမှတ်(၆)ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေဟာ ခေတ်အချိန်အခါနှင့်အညီ မြေပြန့်ဒေသလူဦးရေများပြားတဲ့ မြို့၊ ကျေးရွာများမှာ အာဏာသက်ရောက်ပြီးတော့ အများပြည်သူအကျိုးကို ကာကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်တချို့ကို တွေ့ရပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရဲအက်ဥပဒေပုဒ်မ ၃၄ မှာ ဤဥပဒေအာဏာသက်ရောက်သည့်နယ်မြေအတွင်းရှိ လမ်းမ၊ လမ်းကြား၊

လမ်းဘေး သို့မဟုတ် ကွင်းပြင်တွင်သွားလာနေသည့် ခရီးသည်များအား အဟန့်အတားဖြစ်စေရန်၊ စိတ်ငြိုငြင်စေရန်၊ ဘေးဖြစ်စေရန်၊ စိုးရိမ်ဖွယ်ဖြစ်စေရန် သို့မဟုတ် နစ်နာစေခြင်းပြုလုပ်မှုများကို တားမြစ်ချက်ကိုးချက်ဖြင့် တားမြစ်ထားပြီးတော့ ဖောက်ဖျက်ကျူးလွန်လို့ရှိရင် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ပြီးတော့ ပုဒ်မ ၄၇ ဖြင့် အရေးယူနိုင်ပါတယ်။ ပြစ်ဒဏ်အားဖြင့် (၈)ရက်နှင့် ဒဏ်ငွေ ၅၀ ကျပ်ကို ချမှတ်နိုင်ကြောင်းကို တွေ့ရပါတယ်။ ထို့အပြင် ရဲဥပဒေပုဒ်မ ၃၅ မှာ ဘေးအန္တရာယ်ပြုနိုင်သော သို့မဟုတ် ရန်မူနိုင်သော ကိရိယာပစ္စည်းကို စွဲကိုင်လျက်တွေ့ရသူ၊ နေထွက်နေဝင်ကြား၊ ဈေး၊ ဝင်းခြံ၊ လမ်းမ၊ လမ်းကြားတွင်ရပ်နေသူ၊ နေထွက်နေဝင်ကြားအချိန်အတွင်း မျက်နှာဖုံးအုပ်လျက် သို့မဟုတ် ရုပ်ဖျက်လျက်တွေ့ရသူ၊ လူနေအိမ် သို့မဟုတ် အခြားအဆောက်အဦတစ်ခုခု၏ ဥပစာအတွင်း၌ဖြစ်စေ၊ နောက်ဖေးလမ်းကြားရေမြောင်းတစ်ခုခုတွင် သို့မဟုတ် ရေယာဉ်တစ်ခုပေါ်တွင်တွေ့ရသူ၊ အိမ်ဖောက်ထွင်းသည့် ကိရိယာတစ်ခုခုကို ဥပဒေနှင့်ညီသောအကြောင်းပြချက်မရှိဘဲ လက်ဝယ်ထားရှိသူတို့ကိုမေးမြန်းရာမှာ မိမိတို့အကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် ရှင်းလင်းစွာမပြောဆိုနိုင်လို့ရှိရင် ၎င်းသူတို့ကိုဝရမ်းမပါဘဲနဲ့ မည်သည့်ရဲမဆိုဖမ်းဆီးနိုင်ပြီးတော့ ပြစ်မှုထင်ရှားလို့ရှိရင် ထောင်ဒဏ်သုံးလအထိ ချမှတ်နိုင်ကြောင်းကိုတွေ့ရပါတယ်။ ဒါ့အပြင် ရဲဥပဒေပုဒ်မ ၃၆ မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀ တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ခိုးရာပါပစ္စည်းဟု မသင်္ကာဖွယ်အကြောင်းရှိသောပစ္စည်းကိုလက်ဝယ်ထားရှိသူ၊ သယ်ယူပို့ဆောင်သူ မည်သူကိုမဆို ရဲကဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ပြီးတော့ ယင်းပစ္စည်းကိုလက်ဝယ်သို့မည်သို့ ရောက်ရှိကြောင်းကို ရှင်းလင်းမပြောဆိုနိုင်ပါက ထောင်ဒဏ်သုံးလ သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကို ချမှတ်နိုင်ကြောင်းကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၅ ခုနှစ်၊ ရဲဥပဒေပြဋ္ဌာန်းချက်များဟာ အများပြည်သူအကျိုးကို ကာကွယ်စောင့်ရှောက်ပေးထားပြီးတော့ ရာဇဝတ်မှုကျူးလွန်နိုင်ခြင်းကို ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့ ရဲတပ်ဖွဲ့ဝင်များက အရေးယူဆောင်ရွက်နိုင်အောင် ပြဋ္ဌာန်းထားချက်ကို တွေ့ရပါတယ်။ ဒီရဲဥပဒေ ပြဋ္ဌာန်းစဉ်ကာလက အာဏာသက်ရောက်တဲ့ မြို့၊ ကျေးရွာအမည်ပေါင်း ၂၂၀ ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ အာဏာသက်ရောက်တယ်ဆိုတဲ့ဒေသများမှာ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်မပါရှိဘူးဆိုတဲ့အကြောင်း ဝမ်းနည်းစရာတွေ့ရပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ မြို့နယ် ၁၀ မြို့နယ်ရှိပါတယ်။ ဒါပေမဲ့ ရဲဥပဒေ၊ ရဲအက်ဥပဒေအာဏာသက်ရောက်စဉ် ပြဋ္ဌာန်းတဲ့အချိန်က ထားဝယ်မြို့နှင့် မြိတ်မြို့၊ ပုလောမြို့ဆိုတဲ့ ဒီသုံးမြို့သာ ရဲအက်

ဥပဒေအာဏာသက်ရောက်တယ်ဆိုတဲ့အကြောင်းကို တွေ့ရပါတယ်။ ကျွန် ခုနစ်မြို့က အာဏာ သက်ရောက်မှုမရှိပါဘူးခင်ဗျား။ မြန်မာနိုင်ငံမှာ ရဲတပ်ဖွဲ့ဝင်အင်အား ၇၂၀၀၀ ကျော်ရှိတယ်ဆိုတဲ့ အကြောင်း သိရပါတယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးဟာဆိုလို့ရှိရင် ပြည်သူ------။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုများကြိုတင်ကာကွယ်ရေးနှင့် ပြစ်မှုများလျော့နည်းကျဆင်းရေးတို့အတွက် ၁၈၉၉ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ရန်ကုန်ရဲဥပဒေနှင့် ၁၉၄၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ရဲအက်ဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲဥပဒေဟာ ၁၈၉၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က စတင်အာဏာသက်ရောက်ပြီးတော့ အာဏာ သက်ရောက်တဲ့နေရာဟာ ရန်ကုန်မြို့နယ်နိမိတ်အတွင်းသာ အာဏာသက်ရောက်ခဲ့ပါတယ်။ ၁၉၄၅ ခုနှစ်၊ ရဲဥပဒေပုဒ်မ ၃၅ မှ ပုဒ်မ ၄၁ အထိ အကျုံးဝင်သော မြို့၊ ရပ်ကွက်၊ ကျေးရွာများကိုလည်း ၁၉၄၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၂၁၊ ၄၂၂ တို့နှင့်လည်း ထုတ်ပြန်ကြေညာခဲ့ပြီးတော့ ရဲဥပဒေမှာ အာဏာမတည်တဲ့မြို့၊ ကျေးရွာများရဲ့ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာမှာလည်း ရာဇသတ်ကြီးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့်အထွေထွေ ဥပဒေများ၊ ဒေသန္တရဥပဒေများနဲ့လည်း ဆောင်ရွက် လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ရဲအက်ဥပဒေများကို လက်ရှိခေတ်စနစ်နှင့်ကိုက်ညီ စေရန် အများပြည်သူတို့ရဲ့အကျိုးစီးပွားကိုကာကွယ်ပေးရန်၊ ပြည်သူအများလေးစားလိုက်နာနိုင်မည့် ဥပဒေဖြစ်စေရန်အတွက် ၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲအက်ဥပဒေနှင့် ၁၉၄၅ ခုနှစ်၊ ရဲဥပဒေနှစ်ရပ်ပေါင်းကို

ပေါင်းစည်းပြီးတော့ အသစ်ပြင်ဆင်ရေးဆွဲထားပြီး မြန်မာနိုင်ငံရဲ့ရဲတပ်ဖွဲ့ဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်၊ သဘောထားမှတ်ချက်များရယူခဲ့ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနကနေ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထိုတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ တင်ပြခဲ့တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့မှ အကြံပြုချက်ခုနစ်ချက်နှင့်အတူ သိရှိလိုက်နာဆောင်ရွက်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ထားတဲ့အတွက် ၎င်းအကြံပြုချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့်တင်ပြပြီး အကြံပြုချက်၊ လမ်းညွှန်ချက်များခံယူကာ ပြည်ထောင်စုလွှတ်တော်သို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေအသစ်ကို မပြဋ္ဌာန်းနိုင်မီကာလ အတွင်းမှာ ၁၉၄၅ ခုနှစ်၊ ရဲဥပဒေကို လတ်တလော တစ်နိုင်ငံလုံးအာဏာတည်စေရေးအတွက်ကို ၁၉၆၃ ခုနှစ်၊ တရားဥပဒေများအာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်းဥပဒေအရ နိုင်ငံတော်သမ္မတမှ အမိန့်ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးကိုတင်ပြခဲ့တဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်နှင့်အတူ ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ရဲအက်ဥပဒေတစ်နိုင်ငံလုံး အာဏာတည်စေရေးနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့သဘောထားမှတ်ချက်များ ရယူပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေမူကြမ်း အသစ်ပြင်ဆင်နိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိပြီး အတည်ပြုမပြဋ္ဌာန်းနိုင်မီကာလအတွင်းမှာ ၁၉၄၅ ခုနှစ်၊ ရဲဥပဒေကို တစ်နိုင်ငံလုံး အာဏာတည်စေရေးအတွက် ၁၉၆၃ ခုနှစ်၊ တရားဥပဒေများအာဏာတည်စေခြင်းနှင့် ရပ်စဲစေခြင်းဥပဒေအရ နိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အများပြည်သူနှင့် ယာဉ်များသွားလာနေသည့် လမ်းများပေါ်ရှိ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်ကွေ့များတွင် လမ်းနှင့်ယာဉ်များအား ကွယ်နေသည့်အဆောက်အဦ၊ ဈေးဆိုင်နှင့်အပင်များကို ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းသိန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနကနေပြီးတော့ လမ်းတွေကို တာဝန်ယူဖောက်လုပ်ရပါတယ်။ အမြန်လမ်းမကြီးတွေ၊ နိုင်ငံတကာဆက်သွယ်ရေးလမ်းတွေ၊ ပြည်ထောင်စုလမ်းမကြီးတွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်၊ မြို့နယ်နှင့် ကျေးရွာအုပ်စုအသီးသီးကို ဆက်သွယ်တဲ့လမ်းတွေကို လမ်းဦးစီးဌာနက တာဝန်ယူပြီးတော့ ဖောက်လုပ်ရပါတယ်။ အဲဒီလမ်းတွေထဲကမှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကလွဲလို့ ကျန်တဲ့လမ်းများဟာ မူလစပြီးတော့ ဖောက်လုပ်ကတည်းက အကွေ့အကောက်လွန်စွာများတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ လမ်းမကြီးများရဲ့နယ်နိမိတ်သတ်မှတ်မှုမှာလည်း ပေအမျိုးမျိုးနဲ့ သတ်မှတ်ထားတာကို သိရပါတယ်။ အဲဒီလမ်း နယ်နိမိတ်အတွင်းမှာ အပင်တွေ၊ ဈေးဆိုင်တွေ၊ နေအိမ်တွေ၊ အဆောက်အဦတွေ၊ ဓာတ်တိုင်တွေဟာ လမ်းနယ်နိမိတ်အတွင်း ကျရုံတင်မဟုတ်ဘဲနဲ့ လမ်းပခုံးနားအထိ ရောက်ရှိပြီးတော့ လမ်းနှင့် လွန်စွာနီးကပ်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်ဒီမေးခွန်းကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လွှမ်းခြုံပြီးတော့မေးတာဖြစ်ပေမဲ့ ကျွန်တော်တို့ အများဆုံးအသုံးပြုနေတဲ့ ရန်ကုန်-ပုသိမ် ပြည်ထောင်စုလမ်းမကြီးနဲ့ ဥပမာပေးတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်-ပုသိမ် ပြည်ထောင်စု လမ်းမကြီးဟာ မိုင်ပေါင်း ၁၁၀ ကျော်ရှည်လျားပြီးတော့ မိုင် ၁၀၀ ကျော်မှာ အကွေ့ပေါင်းဟာ ၁၀၀ နီးပါးသွားပြီးတော့ ရှိတာကိုတွေ့ရပါတယ်။ အဲဒီတော့ ပျမ်းမျှအားဖြင့်တွက်မယ်ဆိုရင် တစ်မိုင်ကို အကွေ့တစ်ကွေ့နှုန်းနဲ့ ယာဉ်တွေဟာ သွားနေရပါတယ်။ အဲဒီတော့ တစ်မိနစ်နှင့် နှစ်မိနစ်ကြားမှာ ယာဉ်တိုင်းယာဉ်တိုင်းဟာ ဒီအကွေ့တွေကို ဖြတ်သန်းနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရန်ကုန်-ပုသိမ် ပြည်ထောင်စုလမ်းမကြီးဖြစ်ပါတယ်။ ဒါကတော့ လမ်းအကွေ့တွေဖြစ်ပါတယ်။ လမ်းအကွေ့တွေမှာ အပင်တွေဟာ ကွယ်နေတဲ့အတွက် တစ်ဖက်ကလာတဲ့ယာဉ်ကို ကျွန်တော်တို့ မမြင်နိုင်တာဖြစ်ပါတယ်။ ဒါက လမ်းဘေးမှာရှိတဲ့ ဓာတ်တိုင်တွေ၊ နေအိမ်တွေ မြင်တွေ့ရတဲ့ပုံ ဖြစ်ပါတယ်။ အပင်တွေကလည်း လမ်းကို တော်တော်ကွယ်နေပါတယ်။ ဘယ်ဘက်ခြမ်းက အစိမ်းစလေးဆိုရင် လမ်းနဲ့ကိုတော်တော်နီးကပ်နေပါတယ်။ ဒါက လမ်းနဲ့သွားတဲ့ယာဉ်တွေနဲ့ ပြည့်နေတဲ့အတွက် တကယ်လို့ရုတ်တရက်ဘွားကနဲတွေ့လာလို့ရှိရင် ဒါဟာ ရှောင်ဖို့တော်ရုံတန်ရုံခက်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါကတော့ တချို့နေရာတွေမှာ လမ်းညွှန်ဆိုင်းဘုတ်တွေကို လုံးဝမတွေ့ရတဲ့နေရာတွေဖြစ်ပါတယ်။ နောက်တစ်ခါ လမ်းညွှန်ဆိုင်းဘုတ်တွေရှိပေမယ့်လည်း ခြုံနွယ်တွေနဲ့ပိတ်ပြီးတော့ ဘယ်ကိုညွှန်ပြထားတယ်ဆိုတာကို မသိရတဲ့အနေအထားတွေဖြစ်ပါတယ်။ ဒီအောက်ကနှစ်ပုံကတော့ ယာဉ်အသွားအလာအင်မတန်များတဲ့ ညောင်တုန်းမြို့နယ်ရဲ့အကွေ့မှာ လမ်းညွှန်ဆိုင်းဘုတ်မှာခြုံနွယ်ပိတ်ပေါင်းတွေနဲ့ပိတ်ပြီးတော့ မမြင်ရတဲ့အနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုတွေဟာ တွက်ကြည့်လိုက်လို့ရှိရင် သုံးမျိုးတွေ့ရပါမယ်။ လူကြောင့် မဆင်မခြင်မောင်းလို့ ယာဉ်တိုက်မှုဖြစ်တယ်။ နောက်စက်ယန္တရားချို့ယွင်းမှုကြောင့် ယာဉ်တိုက်မှုဖြစ်တယ်။ နောက်တစ်ခါ ဒီလမ်းရဲ့အခြေအနေကြောင့် ယာဉ်တိုက်မှုဆိုပြီးတော့ သုံးမျိုးတွေ့ရပါတယ်။ အဲဒီတော့ ရှေ့ကနှစ်ခုကတော့ လူနဲ့စက်ယန္တရားကြောင့်ဖြစ်ပေမဲ့ နောက်ဖြစ်တဲ့လမ်းအခြေအနေကြောင့်ဖြစ်တဲ့ယာဉ်တိုက်မှုကတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိပါတယ်။ ဒီလိုအရှိန်နဲ့သွားပြီးကာမှ ရုတ်တရက်ကွေ့လိုက်တော့မှ ရှောင်ရတဲ့အနေအထားဟာ အင်မတန်မှယာဉ်တိုက်မှုကိုဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အများပြည်သူနှင့် ယာဉ်များသွားလာနေတဲ့လမ်းများပေါ်ရှိ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုများဖြစ်ပေါ်နိုင်တဲ့အန္တရာယ်ကွေ့များတွင် လမ်းနှင့်ယာဉ်များအား ကွယ်နေတဲ့အဆောက်အဦ၊ ဈေးဆိုင်နှင့် အပင်များကိုဖယ်ရှားပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုကြောင်းနှင့် ဆက်လက်နေရာယူဆောက်လုပ်လာပါက မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းမေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ဖြေကြားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ လမ်းညွှန်ချက်အရပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဖြေကြားရန်ဖြစ်ပြီး ပေါင်းစပ်ညှိနှိုင်းဖြေကြားဖို့အတွက်ကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားမှုအပေါ်မှာ ကျွန်တော်အကျဉ်းချုပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်အောက်မှာရှိတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ရည်မှန်းချက်ငါးရပ်ကိုချမှတ်ပြီးတော့ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေနဲ့လည်း ပြည်သူများယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်တဲ့ကျူးလွန်မှုတွေကိုလည်း အသိပညာပေးခြင်းနှင့် လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်းများလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အများပြည်သူသွားလာနေတဲ့လမ်းများကို စီမံခန့်ခွဲတဲ့အခါမှာတော့ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲတဲ့လမ်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စီမံခန့်ခွဲတဲ့လမ်းဟုဆိုပြီးတော့ နှစ်မျိုးရှိကြောင်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲတဲ့လမ်းအတွင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းဝေးစေရေးအတွက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် ၎င်းတို့ဒေသနှင့်ကိုက်ညီအောင် စီမံချက်ရေးဆွဲပြဋ္ဌာန်းထားတဲ့ စည်ပင်သာယာရေးဥပဒေများနှင့်အညီ သက်ဆိုင်ရာတပ်ဖွဲ့ဦးစီးဌာနများနှင့်ပူးပေါင်းပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

**မူကြမ်း**

လမ်းမကြီးများဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(စ)အရ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၎င်းတို့တာဝန်ယူနေတဲ့လမ်းမကြီးတွေမှာ လမ်းနယ်နိမိတ်သတ်မှတ်ချက်တွေကို အမြန်လမ်းမကြီး အကျယ် ၄၀၀ ပေ၊ အထူးသတ်မှတ်ချက်များအကျယ် ၃၀၀ ပေ၊ နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးများ အကျယ် ၂၃၀ ပေ၊ ပြည်ထောင်စုလမ်းမကြီးများ၊ တိုင်းဒေသ ကြီး/ပြည်နယ်ဆက်သွယ်သည့်လမ်းမကြီးများ၊ ခရိုင်နှင့်မြို့နယ်ဆက်သွယ်သည့်လမ်းမကြီးများ အကျယ် ၁၅၀ ပေ၊ မြို့နယ်/ကျေးရွာများသို့ ဆက်သွယ်တဲ့လမ်းများကို အကျယ် ပေ ၁၀၀ ယူပြီးတော့သတ်မှတ်ထားကြောင်းလည်း တွေ့ရှိရ ပါတယ်။

လမ်းမကြီးများဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)အရ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရဘဲ လမ်းမကြီး၏နယ်နိမိတ်အတွင်း အဆောက်အဦဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ဒဏ်ငွေကျပ်တစ်သိန်းမှ အများဆုံးငါးသိန်းအထိ ချမှတ်နိုင်ဖို့လည်း ပြစ်ဒဏ်များသတ်မှတ်ထားကြောင်း တွေ့ရှိရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အန္တရာယ်ရှိတဲ့ လမ်းကွေ့တွေမှာ မျက်ကွယ်ကွေ့တွေကို ခြုံခုတ်ခြင်း၊ သတိပေးခြင်း၊ အသိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လမ်းနယ်နိမိတ်အတွင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောင်ရွက်မှု တစ်ခုခုရှိခဲ့မယ်ဆိုရင် အမြန်လမ်းမကြီးဥပဒေ၊ လမ်းမကြီးများဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရုပ်မြင်သံကြား၊ သတင်း စာတွေမှာလည်း ကြော်ငြာများထည့်သွင်း အသိပညာပေးထားကြောင်း သိရှိရပါတယ်။ ဒီလို အရေးယူဆောင်ရွက်ရာမှာ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(က)အရ မူလလမ်းအကျယ် ပေ ၁၀၀ ရှိတဲ့ မြို့တွင်းလမ်းတွေမှာရော၊ ယခင်ရှိပြီးဖြစ်တဲ့ မြို့ရွာလမ်းမဘေး နေအိမ်ခြံဝင်းများနှင့် သက်ဆိုင်ခြင်းမရှိဘဲ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ခဲ့သည့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့နောက်ပိုင်း ကျူးကျော်မှုတွေနှင့်သာ သက်ဆိုင်ကြောင်းကိုလည်း သက်ဆိုင်ရာ ထည့်သွင်းကြော်ငြာချက်တွေကို တွေ့ရှိရပါတယ်။

အလားတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့လည်း ၎င်းတို့မှတ်ပုံတင်နယ်မြေအလိုက် ယာဉ်တိုက်ခိုက်မှုအများဆုံးဖြစ်ပွားတဲ့ နေရာတွေ၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားတဲ့နေရာတွေ၊ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုအများဆုံး ဖြစ်တဲ့ အန္တရာယ်ရှိတဲ့နေရာတွေ၊ ယာဉ်မောင်းမျက်ကွယ်ပြုတဲ့နေရာတွေ၊ လမ်းအန္တရာယ်ကင်းရှင်းစေ

ရေး စိစစ်အကဲဖြတ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် သက်ဆိုင်ရာမြို့နယ်/ခရိုင်တာဝန်ရှိသူများနှင့် တင်ပြညှိနှိုင်းပြီး ဆောင်ရွက်သွားဖို့လည်း ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်းလည်း ညှိနှိုင်းဖြေကြားချက်များအရ သိရှိရပါတယ်။ ဒါ့အပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့လည်း ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ထိ ခြောက်လတာကာလအတွင်း အမှန်တကယ်တိုးမြှင့်ဆောင်ရွက်မယ့် လုပ်ငန်းစီမံချက်များကိုလည်း ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ပါ၍ အများပြည်သူနှင့် ယာဉ်များသွားလာနေတဲ့ လမ်းအန္တရာယ်ကွေ့များမှာရှိတဲ့ အဆောက်အဦ၊ ဈေးဆိုင်များနှင့်အပင်များ ယာဉ်တိုက်မှုအန္တရာယ်ကင်းရှင်းစေရေးအတွက် ဖယ်ရှားဆောင်ရွက်ရာမှာ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ကြီးကြပ်ကွပ်ကဲသည့်လမ်းများမှာ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြဋ္ဌာန်းထားတဲ့ မြို့နယ်စည်ပင်သာယာရေးဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ဖြေကြားအပ်ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ မြေပြင်အနေအထားများကြောင့် ယာဉ်မတော်တဆမှု၊ ပျက်စီးဆုံးရှုံးမှု၊ သေဆုံးမှုများရှိတဲ့အတွက် ဆောင်ရွက်ပေးရန်လိုအပ်တဲ့ နေရာတွေရှိလို့ရှိရင်လည်း နေရာအတိအကျဖော်ပြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ အကြောင်းကြားလာပါကလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်း ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ (၇-၆-၂၀၁၆ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၂၇-၇-၂၀၁၆ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၉-၇-၂၀၁၆ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် ၃၅ ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှ အစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၂) ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာပြည်သူ ပြည်သားအားလုံး စိတ်၏

ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၉-၈-၂၀၁၆ ရက်နေ့၊ ၁၁-၈-၂၀၁၆ ရက်နေ့နှင့် ၂၆-၈-၂၀၁၆ ရက်နေ့၊ ၂၉-၈-၂၀၁၆ ရက်နေ့နှင့် ၁-၉-၂၀၁၆ ရက်နေ့တို့တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အဲဒီ (၁၂) ချက်မှာဆိုလို့ရှိရင် စာမျက်နှာ ၁ ဥပဒေခေါင်းစီး အပိုဒ် ၁၊ စာမျက်နှာ ၁၁ အပိုဒ် ၆ အပိုဒ်ခွဲ(ခ) ပုဒ်မ ၅ ပုဒ်မခွဲ(ဆ)ကို ပြင်ဆင်ခြင်း၊ စာမျက်နှာ ၂၇ မှ ၂၉ အထိ အပိုဒ် ၁၀၊ အပိုဒ် ၉ ကို ပြင်ဆင်ခြင်း၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ ပုဒ်မခွဲ(ဆ)ကို ပြင်ဆင်ခြင်း၊ စာမျက်နှာ ၃၁ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ည)ကို ပြင်ဆင်ခြင်း၊ စာမျက်နှာ ၃၃ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဋ)ကိုပြင်ဆင်ခြင်း၊ စာမျက်နှာ ၃၄ မှ ၃၅ အထိ အပိုဒ် ၁၂ အပိုဒ်ခွဲ(င) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဓ)ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(စ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဝ)ကို ပြင်ဆင်ခြင်း၊ စာမျက်နှာ ၃၇ အပိုဒ် ၁၄ ပုဒ်မ ၁၆ ခြေဆင်းကို ပြင်ဆင်ခြင်း၊ စာမျက်နှာ ၃၉ မှ ၄၀ အပိုဒ် ၁၅ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)ကို အသစ်ဖြည့်စွက်ခြင်း၊ စာမျက်နှာ ၄၀ မှ ၄၁ အပိုဒ် ၁၆ ပုဒ်မ ၂၀ ကို ပြင်ဆင်ခြင်း။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် (၁၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၁၂)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေ

**မူကြမ်း**

ကြမ်းကော်မတီက သဘောတူထားတဲ့ (၁၂)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘော တူထားသည့် (၁၂)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင် ထားတဲ့ပြင်ဆင်ချက် ၆ ချက်အား တင်းသွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ် ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ထပ်မံပြင်ဆင်ရန်တင်ပြချက် ၆ ချက်ရှိပါတယ်။ အဲဒီပြင်ဆင်ချက် ၆ ချက်မှာ စာမျက်နှာ ၂၃ မှ ၂၄ အထိ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက် အပိုဒ်(၈)ကိုပယ်ဖျက်ခြင်း၊ စာမျက်နှာ ၂၄ မှ ၂၅ အထိ အပိုဒ်(၉) ပုဒ်မ ၈ ပုဒ်မခွဲ(က)ကိုပြင်ဆင်ခြင်း၊ စာမျက်နှာ ၂၉ မှ ၃၀ အထိ အပိုဒ်(၁၂) အပိုဒ်ခွဲ(က)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ(စ)ကိုပြင်ဆင်ခြင်း၊ စာမျက်နှာ ၄၂ မှ စာမျက်နှာ ၄၃ အထိ အခန်း(၁၀)ခေါင်းစီးကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ်(၁၅) ပုဒ်မ ၂၄ ခြေဆင်းကိုပြင်ဆင်ခြင်း၊ စာမျက်နှာ ၄၄ အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ်(၂၂)ကို ပယ်ဖျက်ခြင်း၊ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက် ၆ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေ

ကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၆ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက် ၆ ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့က ပြင်ဆင်ချက် ၂၃ ချက်အား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေ ပုဒ်မ ၂ အပိုဒ်ခွဲ(စ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကိုဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို ရိုသေစွာဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆိုတင်ဖို့ကိစ္စမှာ ပထမဆုံးတင်ရမှာက မူလဥပဒေအခန်း(၁) အမည်နှင့်အဓိပ္ပာယ်သတ်မှတ်ချက်အခန်းမှာ ဖြစ်ပါတယ်။ ကျန်တာက ခုနပြောတဲ့အချက်ကို ပြင်ဆင်မှာမဟုတ်ဘဲနဲ့ ပယ်ဖျက်ဖို့တင်ပြခြင်းဖြစ်ပါတယ်။ အဲဒါဘာလဲဆိုတော့ ရပ်ကျေးစာရေး အဓိပ္ပာယ်သတ်မှတ်ချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေတစ်ခုမှာအဓိပ္ပာယ်သတ်မှတ်ချက်ထည့်ပြီဆိုကတည်းက ရည်ရွယ်ချက်ရှိပါတယ်။ အဲဒါတွေက ဘာလဲဆိုတော့ ဥပဒေရဲ့စာကိုယ်မှာဝေါဟာရတစ်ခုကို ထပ်ကာထပ်ကာဖော်ပြရန်လိုတဲ့အခါ ထည့်ရပါတယ်။ ဒီမှာ ရယကစာရေးနှင့်ပတ်သက်လို့ ထပ်ကာထပ်ကာဖော်ပြဖို့ မလိုပါဘူး။ နောက်တစ်ချက်က ဥပဒေမှာပါတဲ့စကားရပ်ဟာ အဓိပ္ပာယ်မရှင်းလင်းလို့ ကြိုတင်ရှင်းလင်းထားဖို့လိုတဲ့အခါ ထည့်ရပါတယ်။ အဲဒါလည်း မရှင်းလင်းစရာအကြောင်းမရှိပါဘူး။ နောက်တစ်ချက်ကတော့ အများပြည်သူနားလည်

မလွယ်တဲ့စကားရပ်များအပေါ်မှာ ရယကစာရေးဆိုတာ အများပြည်သူနားလည်လွယ်ပါတယ်။ အဲဒါကြောင့် ဒီအချက်ကိုထည့်ဖို့ စဉ်းစားဖို့မလိုဘူးလို့တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ရပ်ကျေးစာရေးရဲ့အနေအထား ဖြစ်ပါတယ်။ ရပ်ကျေးစာရေးအနေအထားသည် ရာထူးအရ အငယ်တန်းစာရေးဖြစ်ပြီးရင် အဆင့်အရ စာရေးဝန်ထမ်းအဆင့်(၁)ဖြစ်ပါတယ်။ Executive Member လို့ခေါ်တဲ့ ရယကအဖွဲ့အတွင်းမှာ အာဏာပိုင်အဖွဲ့ဝင်တွေမဟုတ်ပါဘူး။ နောက်တစ်ချက်က ဒီလိုစာရေးအဆင့်များကို အခိပ္ပာယ်ဖွင့်ဆိုတဲ့ဥစ္စာ ဘယ်ဥပဒေမှာမှမတွေ့ရပါဘူး။ အဲ့ဒါကြောင့် ရယကစာရေးအဓိပ္ပာယ်ကို ဒီနေရာမှာသတ်မှတ်ဖော်ပြဖို့မလိုဘူး။ အဲ့ဒီလိုသတ်မှတ်ဖော်ပြလိုက်ခြင်းအားဖြင့် ဥပဒေရဲ့ Status ကို နှိမ့်ကျစေတဲ့ အတွက်ပယ်ဖျက်သင့်ကြောင်း အဆိုတင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက်များမှာ အဓိကမှာ အုပ်ချုပ်ရေးမှူးထက်စာရေးများဟာဆိုလို့ရှိရင် ရုံးတွင်းမှာအများဆုံးထိုင်ပြီးတော့ အလုပ်လုပ်ရတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါ့ကြောင့် စာရေးများဟာ မရှိမဖြစ်လိုအပ်သောကြောင့်မို့လို့ ဒီစာသားကိုလည်း ဒီအတိုင်းမူလပြဋ္ဌာန်းချက်မှာထားတဲ့အတိုင်း အတည်ပြုပေးသင့်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ခံယူမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိပြင်ဆင်ချက် မူလဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)နှင့်ပတ်သက်ပြီးတော့ ကြိုတင်ညှိနှိုင်းအစည်းအဝေးများမှာ ပြည်ထဲရေးဝန်ကြီးအနေနဲ့လည်း သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ဖြစ်တဲ့ မူလအတိုင်းထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ မူလဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(စ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်အဆိုပြုပြီး ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ထောက်ခံထား

ပါတယ်။ ဦးအောင်ကျော်ဇံက ပယ်ဖျက်ရန်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့်ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် မူလဥပဒေပြဋ္ဌာန်းချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ဇံရဲ့ပယ်ဖျက်ရန်အဆိုပြုချက်က အတည်ဖြစ်ပါ့မယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် မူလဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)သည် မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဈ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ မူလဥပဒေ အခန်း(၄) ပုဒ်မ ၆ မှာပါတဲ့ ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရေးနှင့်ပတ်သက်လို့ ကျွန်တော်တင်ပြဖို့ရှိပါတယ်။ ကြီးကြပ်ရေးအဖွဲ့ဖွဲ့တဲ့အခါမှာ အရင်တုန်းကဥပဒေအရ မြို့နယ်အုပ်ချုပ်ရေးမှူးကကြီးကြပ်ပြီး ရပ်မိရပ်ဖ ၅ ဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ်ရွေးချယ်ပါတယ်။ အဲဒီတစ်ဦးချင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ရွေးချယ်တဲ့အတွက် အဲဒီမှာ Virus၊ ဘက်လိုက်မှုတွေရှိတယ်။ လက်တွေ့လည်း တွေ့ရပါတယ်။ နောက်တစ်ချက်အုပ်ချုပ်ရေးမှူးနဲ့ ရယကအဖွဲ့ဝင်များသည် လုပ်ငန်းသဘောအရလည်း ဆက်စပ်နေတဲ့အတွက် ပိုပြီးဖြစ်ဖို့များပါတယ်။ အဲဒါကြောင့် အဖွဲ့အသွင်သဏ္ဌာန်နဲ့ဟစ်လို့ရအောင်လို့ မြို့နယ်အဆင့်မှာရှိတဲ့ ဌာနဆိုင်ရာအကြီးအကဲများ သာမန်အားဖြင့် မြို့နယ်တစ်မြို့နယ်မှာ ၂၀၊ ၂၅ လောက် ရှိပါတယ်။ အဲဒီထဲက အဖွဲ့လေးဖွဲ့ပြီး ကြီးကြပ်ရေးအဖွဲ့ကို ရွေးချယ်ပေးလိုက်ရင် အမှန်နဲ့နီးစပ်ဖို့ ဖြစ်ပါတယ်။

အဲဒါကြောင့် တစ်ဦးချင်းမကိုင်ဘဲနဲ့ အဖွဲ့နဲ့ ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့ဖို့ ကျွန်တော်အဆိုတင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(စ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၂ ပုဒ်မခွဲ(စ)ရဲ့ ဥပဒေကြမ်းကော်မတီစာသားကနေပြီးတော့မှ ကျွန်တော့်အနေနဲ့ ပြင်ဆင်တင်ပြချက်ကို တင်ပြခွင့်ပြုပါခင်ဗျား။ ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ဒေသခံအများစုပါဝင်သည့်အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်လို့ ပြင်ဆင်တင်ပြထားပါတယ်။ ဒေသခံအများစုပါဝင်သည့်အဖွဲ့အားဆိုတဲ့စကားရပ်ထဲမှ အဖွဲ့အားဆိုတဲ့စာသားကို ပြန်လည်ရုပ်သိမ်းခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ကျန်တဲ့ဒေသခံအများစုပါဝင်သည့်ဆိုတဲ့စကားရပ်အတွက် ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကြီးကြပ်ရေးအဖွဲ့က အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ဒိုင်လူကြီးလိုဆောင်ရွက်ကြရမယ့်အဖွဲ့တွေဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ သမာသမတ်ဖြစ်ဖို့ တရားမျှတတဲ့အဖွဲ့ဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဒေသခံတွေပါဖို့လိုအပ်သလို အများစုဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ငါးယောက်ထဲမှာ အနည်းဆုံးသုံးယောက်ပါမှ ပြည်သူတွေက ယုံကြည်စိတ်ချတဲ့အဖွဲ့ဖြစ်မယ်လို့ ယူဆတဲ့အတွက် ဒေသခံအများစုပါဝင်သည့်ဆိုတဲ့စကားရပ်နဲ့ ဖြည့်စွက်ပြဋ္ဌာန်းပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(စ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးစိုင်းသန့်ဇင် အနေနဲ့ သဘောထားဆွေးနွေးရမယ်ဆိုလို့ရှိရင် ကျွန်တော့်ရဲ့သဘောထားကတော့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်း တစ်ထပ်တည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အထူးဆွေးနွေးရန်မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဈ)မှာ ကြီးကြပ်ရေးအဖွဲ့ ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်သာလျှင်ဖြစ်၍ အမျိုးသားလွှတ်တော်၏အတည်ပြုချက်မှာ ကျစ်လျစ်မှု ရှိသဖြင့် အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကိုလက်ခံပြီး လွှတ်တော်၏အတည်ပြုချက်ကို အတည်ပြုသင့်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဈ)နှင့်ပတ်သက်ပြီးတော့ အစည်းအဝေးများကြို့တင်ပြုလုပ်ညှိနှိုင်းသဘောတူပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့အတည်ပြုချက်အား ထောက်ခံပါကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဈ)နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့က အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူပြီး ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဖံ နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့က ပြင်ဆင်ချက်အဆိုတင်သွင်း ထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့ရဲ့ အဆိုပြုချက်နှင့် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဖံရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲ ဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့ကို ဆက်လက်ပြီးမဲခွဲပါ မယ်။ ယခု ဥပဒေကြမ်းကော်မတီနဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် တို့ရဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီမှုနှင့် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဖံရဲ့ပြင်ဆင်ချက် ကိုမဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့ရဲ့ အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့၏ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ဖံ၏ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခု ဆွေးနွေးတဲ့

အချက်နှင့်စပ်လျဥ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံ ဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂ ပုဒ်မ ၂ အပိုဒ်ခွဲ(စ)နှင့်စပ်လျဥ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်၏အတည်ပြုချက်နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိုင်းမောက်ခမ်း၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဥ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂ ပုဒ်မ ၂ အပိုဒ်ခွဲ(စ)သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်း အတည်ပြုသော အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)နှင့်စပ်လျဥ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ လားရှိုး မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)၊ ရာအိမ်မှူးနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ပြင်ဆင်တင်ပြတာရှိပါတယ်။ ကျွန်တော့်

ရဲ့ပြင်ဆင်တင်ပြချက်ကို တင်ပြခွင့်ပြုပါခင်ဗျား။ (၁)ရာအိမ်မှူးဆိုသည်မှာ ကြီးကြပ်ရေးအဖွဲ့သဘော တူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရာအိမ်စုအလိုက် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်သည့်ပုဒ်မ ၅ ပါ အရည် အချင်းများနှင့်ပြည့်စုံသူကိုဆိုသည်လို့ ပြင်ဆင်တင်ပြထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ကြီးကြပ်ရေးအဖွဲ့ရဲ့ နောက်ကပါတဲ့ ၏ စကားလုံးကို ချပ်လှပ်ထားရခြင်းဟာ ယင်းစကားလုံးမပါ လည်းပဲ ဒီစာပိုဒ်ရဲ့အဓိပ္ပာယ် ပျက်ယွင်းမှုမရှိတဲ့အတွက် ချပ်လှပ်ထားလိုခြင်းပဲ ဖြစ်ပါတယ်။ (၂) အနေ နဲ့ အုပ်ချုပ်ရေးမှူးကလို့ ဖော်ပြတာဟာ ရာအိမ်မှူးကို အုပ်ချုပ်ရေးမှူးက သူ့စိတ်ကြိုက်တိုက်ရိုက် ရွေးချယ်သလိုဖြစ်နေပါတယ်။ ဒီမိုကရေစီစံနှုန်းနှင့်မကိုက်ညီပါဘူး။ ဒါ့ကြောင့် အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းကိုအထောက်အကူပြုစေဖို့ အုပ်ချုပ်ရေးမှူးက အစား အုပ်ချုပ်ရေးမှူး၏လို့ ပြင်ဆင်တင်ပြ အပ်ပါတယ်။ (၃) အနေနဲ့ လျှို့ဝှက်ဆန္ဒမဲပေး၍ဆိုတဲ့စာသား ထည့်ထားရခြင်းဟာလည်း ရာအိမ်မှူးကို လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်မှပဲ ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီပါတယ်။ ဒီမိုကရေစီစနစ်အရ ရာအိမ်မှူး ကို အုပ်ချုပ်ရေးမှူးက ရွေးချယ်တာမဟုတ်ဘဲ ရာအိမ်စုအတွင်းနေ ပြည်သူများက ရွေးချယ်တာ ပေါ်လွင်အောင် ခန့်အပ်ဖို့ကိုမဟုတ် အရွေးချယ်ခံပုဂ္ဂိုလ် ရာအိမ်မှူးဖြစ်အောင် လျှို့ဝှက်ဆန္ဒမဲပေး၍ ဆိုတဲ့စကားရပ်နှင့် ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဋ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော့်အနေနဲ့ ဆယ်အိမ်မှူးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြင်ဆင်ချက်အဆိုတင်သွင်းထားတာဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်အဆို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ဆယ်အိမ်မှူးဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မူလ ဒီဥပဒေရဲ့အဆိုပြုချက်မှာ ပါလာတာမဟုတ်ဘဲနဲ့ နောက်ပိုင်းကျမှ ဖြည့်စွက်ချက်အနေနဲ့ပါလာတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အခုကျွန်တော်တို့အတည်ပြုပြဋ္ဌာန်းမယ့်ဥပဒေက အဓိကအားဖြင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူးကို အောင်မြင်စွာ ဒီမိုကရေစီကျကျရွေးချယ်နိုင်ရေး အတွက်ဖြစ်ပြီးတော့ ဆယ်အိမ်မှူးဆိုတာက အုပ်ချုပ်ရေးမှူးရဲ့တစ်စိတ်တစ်ပိုင်းပဲဖြစ်ပါတယ်။ မည်သို့ ပင်ဖြစ်စေကာမူ ကျွန်တော်တို့ဒေသခံတွေမှာ ရပ်ကွက်တွေမှာ၊ ကျေးရွာတွေမှာ နဂိုမူလကနေပြီးတော့

**မူကြမ်း**

တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သူတို့ရဲ့အခြေအနေအရ၊ ဓလေ့ထုံးစံအရ မိမိတို့ရဲ့ တာဝန်ခံမှုတွေကို ကိုယ်စားရွေးချယ်ထားတဲ့ အခြေအနေမှာလည်းရှိပါတယ်။ ပြောရမယ်ဆိုလို့ရှိရင် မူလ အရင်ပြဋ္ဌာန်းတဲ့ဥပဒေမှာလည်း ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး တွေကို ရွေးချယ်တဲ့နေရာမှာ အခြေခံအားဖြင့် ဆယ်အိမ်စုကိုယ်စားလှယ်တွေကနေပြီးတော့ တစ်ဆင့် ရွေးချယ်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ဆယ်အိမ်စုတွေကို ရွေးချယ်တဲ့နေရာမှာ ဒီမိုကရေစီ ကျကျနဲ့ ပြည်သူလူထုကလည်း ရွေးချယ်တဲ့အလေ့အကျင့်ကို ရရှိထားပြီးသားဖြစ်တဲ့ အတွက်ကြောင့် မို့လို့ ဒီနေရာမှာ ကြီးကြပ်ရေးရဲ့ သဘောတူညီချက်ဆိုတဲ့ ဝေါဟာရတစ်ခုနဲ့ အုပ်စု အုပ်ချုပ်ရေးမှူး ကနေပြီးတော့ ရွေးချယ်တဲ့ သဘောပုံစံမျိုးနဲ့ အတိအကျအဓိပ္ပာယ်ဖွင့်ဆိုထားတာကို တကယ်လို့များ ရွေးချယ်မှုပုံစံ ကျွန်တော်တို့ အတည်ပြုပြီးတဲ့အချိန်မှာ ရှေ့နောက်မညီညွတ်မှုတွေ ဖြစ်ပေါ် လာနိုင်တဲ့အတွက်ကြောင့်မို့လို့ ဆယ်အိမ်မှူးဆိုတဲ့အဓိပ္ပာယ်ကို ကျွန်တော်ကနေပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အုပ်ချုပ်ရေးလုပ်ငန်းများကို အထောက်အကူ ပြုစေရန် ၁၀ အိမ်စုအလိုက် ရွေးချယ်သည့်သူကိုဆိုသည်ဆိုပြီးတော့ အားလုံးလွှမ်းခြုံနိုင်အောင် ပြင်ဆင်ဖွင့်ဆိုထားတာဖြစ်တဲ့အတွက်ကြောင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးကို ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က ပြင်ဆင်ချက် အဆိုအရ ပြင်ဆင်ဖို့အတွက်အဆိုပြု တင်ပြတဲ့ကိုယ်စားလှယ်တွေအနက်ကနေပြီးတော့ ပုဒ်မ(ဠ)အား ပြင်ဆင်ရန်အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ် ခြောက်ဦးရဲ့ကိုယ်စားကို ကျွန်တော်က အဓိကအဆိုပြု တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်အခု ဥပဒေကြမ်းကတင်ပြထားတာထက်စာရင် အမျိုးသားလွှတ်တော် က အတည်ပြုထားတဲ့ အတည်ပြုချက်ဟာ ဒီမိုကရေစီရဲ့ စံချိန်စံညွှန်းနဲ့ပိုပြီးတော့ ကိုက်ညီတဲ့အတွက် ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)မှာ ဒေါက်တာစိုင်းမောက်ခမ်း၏ တင်ပြချက်မှာ လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်သည်ဟုဆိုရာတွင် လျှို့ဝှက်ဆန္ဒမဲပေးကိုပေးရမယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဆယ်အိမ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ အားလုံး၏သဘောတူညီချက်ဖြင့် ရွေးချယ်နိုင်သော်လည်း မလိုအပ်ဘဲ လျှို့ဝှက်ဆန္ဒမဲ ရွေးချယ်နေရမယ်ဆိုတဲ့ သဘောသက်ရောက်နေပါတယ်။ မူလတင်ပြထားသော ဥပဒေကြမ်းနှင့် ဦးစိုင်းသန့်ဇင်တို့ရဲ့ တင်ပြချက်မှာ ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ဆွေးနွေးညှိနှိုင်းရာတွင် ပြည့်စုံလုံလောက်မှုမရှိသည့်အပြင် ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်နဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းမှာ ဒီမိုကရေစီနည်းကျ ရွေးချယ်ရာမကျဘဲ လက်တွေ့လည်းမကျသဖြင့် ဦးတင်ကိုကိုဦးမှ ပြင်ဆင်ချက်အဆို တင်သွင်းထားသော ကိုယ်စားလှယ်ခြောက်ဦး၏ ကိုယ်စားတင်ပြထားသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက်မှာ ဒီမိုကရေစီနည်းကျသည်ဟု ပြန်လည်၍ စိစစ်တွေ့ရှိရသဖြင့် ဦးတင်ကိုကိုဦး၏ တင်ပြထားသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို လက်ခံသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ထပ်မံဖြည့်စွက်ထားတဲ့ အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)နဲ့ ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ သဘောထားများ ကြိုတင်ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ အတည်ပြုချက်ကို ကျွန်တော်တို့အနေနဲ့ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ) နှင့်စပ်လျဉ်းပြီး ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ဆွေးနွေးမှုအပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်ချိန်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြင်ဆင်ချက်အဆိုတင်ပြခဲ့သော်လည်း ယခုအခါ ဦးတင်ကိုကိုဦး၏ တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ သို့သော် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာ

စိုင်းမောက်ခမ်းနဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဦးတင်ကိုကိုဦးက ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခု ပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယင်းနောက်ထိုမဲခွဲမှုမှ အနိုင်ရရှိသူနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို ဆက်လက်ပြီး မဲခွဲပါမယ်။ ယခု ဦးတင်ကိုကိုဦးက ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို မူတည်၍ မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၂ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)နှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိပါ့မယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကအနိုင်ရရှိပါ့မယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့

နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)နဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ သီပေါမဲဆန္ဒနယ် မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါ့မယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းများဖြင့် မဲခွဲဆုံးဖြတ်သွားပါ့မယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ်(၃) ပုဒ်မ၂ ပုဒ်မခွဲ(ဌ)နဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက တင်ပြတဲ့ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးပြင်ဆင်တင်ပြချက် စာသားကတော့အတူတူပါပဲခင်ဗျာ။ ဒါကြောင့်မို့လို့ ခုန

ဆယ်အိမ်မှူးရယ် အခုရာအိမ်မှူးရယ် ပေးတဲ့ပြင်ဆင်တင်ပြချက်မှာ လျှို့ဝှက်ဆန္ဒမဲပေး၍ဆိုတဲ့ စကားရပ်နှင့် ဒါဖြည့်စွက်တင်ပြပေးဖို့ပဲ ကျွန်တော့်အနေနဲ့ ပြန်လည်တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(၄)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်တင်သွင်းထားသော်လည်း ခုနက ကျွန်တော်ဆွေးနွေးခဲ့တဲ့ အထဲမှာ ပါသွားပြီးဖြစ်ပါတယ်။ ဆယ်အိမ်မှူးအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ရာအိမ်မှူးအဓိပ္ပာယ်ဖွင့်ဆိုချက် က သဘောတရားချင်းအတူတူပဲဖြစ်ပါတယ်။ ခုနက ဆယ်အိမ်မှူးအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်က ပြင်ဆင်တင်ပြရခြင်းကိစ္စက ဒီဥပဒေကြမ်းကော်မတီက ပထမတင်ပြလာတဲ့အထဲမှာ ကြီးကြပ်ရေးအဖွဲ့ ရဲ့သဘောတူညီချက်ဆိုတဲ့ စကားလုံးတစ်ခုနဲ့ အုပ်ချုပ်ရေးမှူးကဆိုတဲ့ စကားလုံးတွေပါနေတဲ့အတွက် ကြောင့်မို့လို့ ကျေးရွာအုပ်စုနှင့် ကျေးရွာနှင့် ရပ်ကွက်တွေရဲ့ သူတို့ရဲ့ဒေသအလိုက် ဒီမိုကရေစီအရ တင်မြှောက်ပိုင်ခွင့်ကို အဟန့်အတားဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ပြင်ဆင်ချက်တင်သွင်းရခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနက ဆယ်အိမ်မှူးဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အမျိုးသားလွှတ်တော် ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အားလုံးက သဘောတူထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုက်လျော ညီထွေမှုရှိစေရန်အတွက် ယခုကျွန်တော်တင်ပြထားတဲ့ အဆိုပြုချက်ကိုရုပ်သိမ်းပြီးတော့ အမျိုးသား လွှတ်တော်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(၄)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါ တယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီရာအိမ်မှူးဆိုတဲ့ တာဝန်တစ်ဆင့်ကို မလိုအပ်ဘူးထင်တဲ့အတွက် ပယ်ဖျက်ဖို့တင်ပြခြင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အဆင့်များနေတော့ တကယ်တမ်းလုပ်တဲ့အခါမှာ ရှေးချယ်မှုတွေပိုလာမယ်။ ပြီးတော့ အလုပ်လုပ်တဲ့ အခါမှာလည်း ကွဲလွဲမှုတွေဖြစ်ပေါ်လာနိုင်တဲ့အတွက် ဆယ်အိမ်မှူးရယ်၊ ရာအိမ်မှူးရယ်၊ ကျေးရွာ တာဝန်ခံရယ်၊ အုပ်ချုပ်ရေးမှူးဆိုပြီးတော့ အဆင့်လေးဆင့်ရှိနေပါတယ်။ ဥပမာ- ရာဂဏန်းရှိတဲ့

ရွာတစ်ရွာမှာ ကျွန်တော်တို့ ဆယ်အိမ်မှူးက ၁၀ ယောက်ရှိမယ်။ ရာအိမ်မှူးကတစ်ယောက်၊ ကျေးရွာတာဝန်ခံကတစ်ယောက်၊ အုပ်ချုပ်ရေးမှူးကတစ်ယောက် အဲဒီလိုဖြင့် အဆင့်လေးဆင့်လောက် ရှိနေပါတယ်။ တချို့ရွာတွေမှာဆိုရင် အိမ်ခြေ ၄၀၀၀ လောက်၊ ၅၀၀၀ လောက်ရှိတဲ့ ရွာကြီးတွေလည်း ရှိပါတယ်။ အုပ်စုကြီးတွေလည်းရှိပါတယ်။ အဲဒီအုပ်စုကြီးတွေမှာ ကျေးရွာ လေးရွာ၊ ငါးရွာ၊ ခြောက်ရွာနှင့် ခွဲထားတဲ့အုပ်စုမျိုးဖြစ်ပါတယ်။ အဲဒီအခါမှာ ၄၀၀၀ ဆိုရင် ရာအိမ်မှူး ၄၀ လောက်ဖြစ်နေပါလိမ့်မယ်။ ကျေးရွာတာဝန်ခံက ၄ ယောက် အဲဒီလို အဆင့်များတဲ့အခါမှာ ကျွန်တော်တို့ လုပ်ရကိုင်ရတာ တော်တော်ကိုအဆင်မပြေမှုဖြစ်လာနိုင်ပါတယ်။ မြို့ပေါ်ရပ်ကွက်တွေဆိုမှာလည်းပဲ ကျွန်တော်တို့ အိမ်ခြေ ၄၀၀၀၊ ၅၀၀၀ ရှိတဲ့ ရပ်ကွက်ကြီးတွေရှိပါတယ်။ အဲဒီနေရာမှာလည်းပဲ ခုနပြောတဲ့အတိုင်းပဲ ရာအိမ်မှူးက အယောက် ၅၀ လောက်ဖြစ်လာပါတယ်။ ဒါတွေဟာ တကယ်တမ်းကျတော့ လက်တွေ့မှာ အလုပ်မဖြစ်ပါဘူး။ ရွေးချယ်မှုမှာလည်း ပိုလာပြီးတော့ တစ်ယောက်နှင့်တစ်ယောက် သဟဇာတမဖြစ်ဘဲ ပူးပေါင်းဆောင်ရွက်မှုဘက်ကိုမရောက်ဘဲ တစ်ယောက်နှင့်တစ်ယောက် ဆန့်ကျင်ဘက်သဘောတရားတွေလည်း သက်ရောက်နိုင်ပါတယ်။ အချို့ရွာမှာဆိုရင် အိမ်ခြေ ၄၀၊ ၅၀ ပဲရှိပါတယ်။ အဲဒီမှာလည်းပဲ ရာအိမ်မှူးတစ်ယောက်၊ ကျေးရွာအုပ်ချုပ်မှုတစ်ယောက် စသည်ဖြင့်။ ဒါကြောင့် တချို့ကမြို့ပေါ်မှာ လိုတယ်လို့ပြောပေမယ့် မြို့ပေါ်မှာဆိုတာက ဆယ်အိမ်မှူးတွေရှိတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေရှိတယ်။ ဌာနဆိုင်ရာတွေလည်းရှိပါတယ်။ အကုန်လုံးဝိုင်းဝန်းပြီးတော့ လုပ်လို့ရတယ်။ အဲဒါနဲ့ ကျွန်တော့်အနေနဲ့ ပယ်ဖျက်ဖို့ တင်သွင်းရတဲ့ အကြောင်းကတော့ အဆင့်များပြီးတော့ အလုပ်ပိုတယ်။ သဟဇာတလည်းဖြစ်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ဒီအပိုဒ်ကို မကြိုက်လို့ ဆယ်အိမ်မှူးဆိုတာကို မကြိုက်လို့ ပယ်ဖျက်ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ်(၃) ပုဒ်မ၂ ပုဒ်မခွဲ(ဌ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ ဒီမှာ ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ဆီမှာ ရာအိမ်မှူးဆိုသည်မှာ ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီမှုဖြင့်ဆိုတဲ့အချက်ပါပါတယ်။ ကျွန်တော်တို့က ဆယ်အိမ်စုအဖွဲ့နေရာကနေပြီးတော့ ဆယ်အိမ်စုမှူးကို ရွေးချယ်ခဲ့ပါတယ်။ ဆယ်အိမ်စုမှူးတွေကနေပြီးတော့တစ်ခါ ရာအိမ်မှူးကိုရွေးချယ်တာပါ။ ဒါကြောင့် တစ်နည်းအားဖြင့်ပြောရင် ရာအိမ်မှူးဆိုတာက ကျွန်တော်တို့ ပြည်သူရဲ့ Mandate ကိုရထားတဲ့

သူတွေပါ။ အဲဒီတော့ Mandate ကိုရထားတဲ့ သူကို ကြီးကြပ်ရေးအဖွဲ့ရဲ့ သဘောတူညီမှုဖြင့်ဆိုတဲ့ အချက်ပါတဲ့အတွက်ကြောင့် ဒါဟာဒီမိုကရေစီစံချိန်စံညွှန်းကို ထိခိုက်စေတယ်လို့ ယူဆတဲ့အတွက်ကြောင့် ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ကိုက်ညီတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)မှာ ရာအိမ်မှူးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ ပြောရမယ်ဆိုလို့ရှိရင် ဦးဖေသန်းမှ ရာအိမ်မှူးကို ပယ်ဖျက်ပေးရန် အိမ်ထောင်စုတင်သွင်းတဲ့အခါမှာ အိမ်ထောင်စု ထောင်သောင်းရှိတဲ့ ကျွန်တော်တို့ ရပ်ကွက်တွေမှာဆိုလို့ရှိရင် ရာအိမ်စုတွေမှာ အုပ်ချုပ်ရေးမှူးကို အထောက်အကူပေးရန်အတွက် ရာအိမ်မှူးမထား၍ မဖြစ်ပါဘူး။ ရာအိမ်မှူးများလိုအပ်ချက်နှင့်ပတ်သက်ပြီးတော့လည်း ဆယ်အိမ်မှူး ရွေးချယ်ပုံနှင့် မကွာသဖြင့် ဒေါက်တာစိုင်းမောက်ခမ်း၏ တင်ပြချက်တွင် လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ရမည်ဖြစ်ပြီး အခြားနည်းရွေးချယ်၍မရသဖြင့် ကိုတင်ကိုကိုဦး၏ တင်ပြချက်မှာ ပြင်ဆင်ရန်တင်သွင်းထားသော ကိုယ်စားလှယ်ခြောက်ဦး၏ကိုယ်စား တင်ပြထားသော အမျိုးသားလွှတ်တော်၏ တင်ပြချက်မှာဒီမိုကရေစီနည်းကျသည်ဟု ပြန်လည်၍စိစစ်တွေ့ရှိရသဖြင့် ကိုတင်ကိုကိုဦးတင်ပြသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို လက်ခံသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။ မိုက်ပိတ်ပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ထပ်မံဖြည့်စွက်မည့် အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)နှင့် ပတ်သက်ပြီးတော့ လက်ရှိအမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)နှင့်စပ်လျဉ်းပြီး ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူကြောင်းဆွေးနွေးမှုအပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်ချိန်က အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြင်ဆင်ချက်

အဆိုတင်ပြခဲ့သော်လည်း ယခုအခါ ဦးတင်ကိုကိုဦး၏တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးသွားပါတယ်။ သို့သော် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါ့ကြောင့် ပထမဦးစွာ ဦးတင်ကိုကိုဦးက ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါ့မယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ ယင်းနောက် ထိုမဲခွဲမှုမှ အနိုင်ရရှိသူနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို ဆက်လက်ပြီးမဲခွဲပါ့မယ်။ နောက်ဆုံးအနေဖြင့် ထိုမဲခွဲမှုမှ အနိုင်ရရှိသူနှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ပြင်ဆင်ချက်ကို ဆက်လက်ပြီးမဲခွဲပါ့မယ်။ ယခု ဦးတင်ကိုကိုဦးက ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မူတည်၍ မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိပါ့မယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာ ပြင်ဆင်ချက်က အနိုင်ရရှိပါ့မယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၉ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၀ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၀ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ ပြင်ဆင်ချက်ကိုမဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်

ရဲ့အတည်ပြုချက်ကအနိုင်ရရှိပါ့မယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကအနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့် စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ) နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကအနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၀ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ်(၃) ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု

ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၀၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၃ ပုဒ်မ ၂ (ဌ)သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ် ၃ ပုဒ် ၂ (ဍ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုတွေကတော့ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အခု ကျေးရွာတာဝန်ခံဆိုတာလည်း ဖော်ပြချက်တွေက အတူတူပါပဲ။ ဒါကြောင့်မို့လို့ အခုနက ကျွန်တော် ဆယ်အိမ်မှူး၊ ရာအိမ်မှူး တင်ပြသလိုပါပဲ။ အခု ကျေးရွာတာဝန်ခံရဲ့ ပြင်ဆင်တင်ပြချက်ကိုလည်းပဲ ယခင်အတိုင်းပဲ တင်ပြပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ် ၃ ပုဒ်မ ၂ (ဍ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ကျေးရွာတာဝန်ခံဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြင်ဆင်ချက်အဆို တင်သွင်းထားတာဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းထားတဲ့ ပြင်ဆင်ချက်ကတော့ ကျေးရွာတာဝန်ခံ ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ကျေးရွာက ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့်ပြည့်စုံသူကို ဆိုသည်လို့ အဆိုတင်သွင်းလိုပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ ရှေ့ပိုင်းမှာ ကျွန်တော် ဆွေးနွေးခဲ့တဲ့အတိုင်းပါပဲ။ ကျေးရွာတွေမှာ၊ ရပ်ကွက်တွေမှာ

သူ့နယ်မြေအလိုက်၊ သူ့ကျေးရွာအလိုက် သူတို့ရဲ့ ခလေ့ထုံးစံအရ လွတ်လပ်စွာရွေးချယ်ထားတဲ့ ကျေးရွာတာဝန်ခံ၊ ကျေးရွာဥက္ကဋ္ဌတွေရှိပါတယ်။ ဒါကို အသိအမှတ်ပြုပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်ပြီးတော့ အလုပ်လုပ်နိုင်ရန်အတွက် ဒီပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အသစ်ထည့်သွင်းအတည်ပြုသော အပိုဒ် ၃ ပုဒ်မ ၂ (ဍ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ဒီမှာ ကျေးရွာတာဝန်ခံနဲ့ပတ်သက်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုတာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ အတည်ပြုချက်ဟာ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့အပြင် လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာလည်း ရှင်းလင်းပြည့်စုံလွယ်ကူတဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ ပုဒ်မခွဲ(ဍ)မှာ ကျေးရွာတာဝန်ခံ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်ပြီးတော့ ဒေါက်တာစိုင်းမောက်ခမ်း တင်ပြထားသောအချက်နှင့် ဦးစိုင်းသန့်ဇင် တင်ပြသောအချက်နှင့်ပတ်သက်၍ ရွေးချယ်ပုံ ပုဒ်မ ၈ တွင် ပါရှိမှာဖြစ်ပါတယ်။ မည်သည့်ကျေးရွာကို အတိအကျဖော်ပြထားခြင်းလည်းမရှိတဲ့အတွက် ဦးတင်ကိုကိုဦး တင်ပြချက်မှာ ကိုယ်စားလှယ်ခြောက်ဦး၏ကိုယ်စား တင်ပြသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက်မှာ ဒီမိုကရေစီနည်းကျသည်ဟု ပြန်လည်၍စိစစ်တွေ့ရှိရသဖြင့် ဦးတင်ကိုကိုဦး တင်ပြထားသော အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို လက်ခံသင့်ပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ထပ်မံဖြည့်စွက်မည့်

အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဥ)နဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဥ)နှင့်စပ်လျဉ်းပြီး ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ဆွေးနွေးမှုအပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်ချိန်က အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြင်ဆင်ချက်အဆိုတင်ပြခဲ့သော်လည်း ယခုအခါ ဦးတင်ကိုကိုဦးရဲ့ တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ သို့သော် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဦးတင်ကိုကိုဦးက ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါ့မယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ ယင်းနောက် ထိုမဲခွဲမှုမှ အနိုင်ရရှိသူနဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို ဆက်လက်ပြီး မဲခွဲပါ့မယ်။ ယခု ဦးတင်ကိုကိုဦးက ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခု ပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မူတည်၍ မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိပါ့မယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်က အနိုင်ရရှိပါ့မယ်။ ယခု ဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၀ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဥ)နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘာပြောစရာရှိလဲ။ ပြောပါ။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ ယခု အတည်ပြုလိုက်တဲ့ ကျေးရွာတာဝန်ခံဆိုတဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ကျွန်တော်တို့က အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ဝိုင်းအတည်ပြုကြပါတယ်။ ဒါပေမဲ့ တကယ်တမ်း လက်တွေ့ကျင့်သုံးမှုမှာ အခက်အခဲရှိနိုင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျေးရွာတိုင်းဟာ ရာဂဏန်း မပြည့်ပါဘူးခင်ဗျား။ ရာဂဏန်းမပြည့်သော ကျေးရွာများအတွက် ရာအိမ်မှူးကနေပြီးတော့ ကျေးရွာ တာဝန်ခံကို ရွေးချယ်ဖို့ဆိုတာ ထည့်သွင်းစဉ်းစားစရာလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ယခု ဆက်လက်ပြီး မဲခွဲဆုံးဖြတ်ပြီးမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ ပြင်ဆင်ချက်ကို မဲခွဲပါ့မယ်။ အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက် ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိပါ့မယ်။ ကန့်ကွက်မဲ များလျှင် ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါ့မယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့် စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲ ပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၃၃၉ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၀ မဲဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဥ)နှင့်စပ်လျဉ်း ၍ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင် ချက်ကို မဲခွဲပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြု

ချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါ့မယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်တဲ့အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ပ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကိုဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အိမ်ထောင်စုကိုယ်စားလှယ်ဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ လောလောဆယ်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဥပဒေပြုတဲ့အခါမှာ ထပ်ခါထပ်ခါလည်းပါနေတယ်။ ပြီးတော့ ပြည်သူတွေကလည်း သိဖို့လိုအပ်တယ်။ ဥပဒေမှာလည်း ပိုပြီးတော့ကျစ်လျစ်သိပ်သည်းသွားမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အိမ်ထောင်စုကိုယ်စားလှယ်ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား မဲပေးရွေးချယ်ခွင့်ရှိသည့်အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် ၁၈ နှစ်ပြည့်ပြီးမိသားစုဝင်တစ်ဦးဦးကိုဆိုသည်ဆိုပြီးတော့ ဥပဒေကိုကျစ်လျစ်အောင် ထပ်ခါထပ်ခါပါတဲ့အခါမှာ အသုံးပြုနိုင်အောင်၊ ရှင်းပြနိုင်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအိမ်ထောင်စုကိုယ်စားလှယ်ဆိုတဲ့ဟာကို အဓိပ္ပာယ်ဖွင့်ဆိုရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အိမ်ထောင်စုကိုယ်စားလှယ်၏ အဓိပ္ပာယ်သတ်မှတ်ချက်သာဖြစ်သဖြင့် လွှတ်တော်၏အဆုံးအဖြတ်သာလျှင် ခံယူမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြပါစကားရပ်နှင့် ပတ်သက်၍ လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖေသန်း၏အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို ဥပဒေကြမ်းကော်မတီက လွှတ်တော်၏အဆုံးအဖြတ်ခံယူမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါ့ကြောင့် ဦးဖေသန်း၏အသစ်ဖြည့်စွက်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ် ပါမယ်။ ဦးဖေသန်း၏အသစ်ဖြည့်စွက်ချက်ကို ထောက်ခံမဲများလျှင် ဦးဖေသန်း၏အသစ်ဖြည့်စွက်ချက် က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်း၏အသစ်ဖြည့်စွက်ချက်က အတည်မဖြစ်ပါ။ ယခုဆွေးနွေးတဲ့ ဦးဖေသန်း၏အသစ်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေး တဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် ဦးဖေသန်းရဲ့အသစ်ဖြည့်စွက်သည့် အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄ အခန်း(၃) ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေ အခန်း(၃) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးတင်ပြအပ်ပါတယ်ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများဟု ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ဖြည့်စွက်တင်ပြအပ်ပါတယ်။ အဓိပ္ပာယ် ဖော်ပြချက်၏ ၎၊ ဌ၊ ဍ တို့တွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့တွင် ပုဒ်မ ၅ ၏အရည်အချင်းပြည့်စုံစေရန် လိုအပ်သောကြောင့် ဖော်ပြထားသည့်အတွက် ယင်းခေါင်းစဉ်ဟောင်းကိုပြင်ဆင်ပြီး အတည်ပြုပေးနိုင်ပါရန် ပြင်ဆင်၍ တင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄ အခန်း(၃) ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအခန်းခေါင်းစဉ်ကို ပြင်ဆင်ချက် အဆိုတင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ အတည်ပြုပြီးတဲ့ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး အဓိပ္ပာယ်ဖွင့်ဆိုချက်တို့နှင့်လည်း ဆက်စပ်နေပါတယ်။ အဲဒီမှာ ရာအိမ်မှူးနှင့်ဆယ်အိမ်မှူးကို ကျွန်တော်က ပုဒ်မ ၅ အရ ဖြုတ်ထားရတဲ့ ရည်ရွယ်ချက်က အရင်ပြဌာန်းခဲ့တဲ့ အုပ်ချုပ်ရေးမှူးဥပဒေမှာ အဓိကအားဖြင့် ဆယ်အိမ်စု ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့က အုပ်ချုပ်ရေးမှူးများကို ရွေးကောက် တင်မြှောက် ခဲ့တာဖြစ်ပါတယ်။ တကယ်တမ်း လက်တွေ့ကျင့်သုံးမှုမှာ ပုဒ်မ ၅ နှင့် ချိတ်ဆက် ထားတဲ့အခါကျတော့ ဆယ်အိမ်စုကိုယ်စားလှယ်တွေကို တောင်မှ ကျွန်တော်တို့ ပြည့်ပြည့်ဝဝ မရွေးချယ်နိုင်တဲ့ အနေအထားမျိုး ကျွန်တော်တို့ပြည်နယ်တွေမှာ ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါကိုချန်ထားပြီးတော့ ပုဒ်မ ၅ အရကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံတို့ အတွက်သာ ကျွန်တော်ကထားရှိပြီးတော့ ကျန်တဲ့ ရာအိမ်မှူးနှင့်ဆယ်အိမ်မှူးတို့မှာ ကျွန်တော်က ချန်လှပ်ထားခဲ့ခြင်းဖြစ်ပါတယ်။ သို့ပါသော်လည်း ယခု လက်ရှိအနေအထားမှာ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်များအားလုံးကို ပုဒ်မ ၅ အရ ဖွင့်ဆိုထားပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အထူး ဆက်လက်ဆွေးနွေးရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃) ခေါင်းစဉ်နှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၄ အခန်း(၃) ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်

က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေး တဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၄ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄ အခန်း(၃) ခေါင်းစဉ်သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၄ ပုဒ်မ ၅(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါ တယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ အပိုဒ် ၄ ပုဒ်မ ၅(ဂ)ကို မူလ ပြဋ္ဌာန်းချက်ဖြစ်သည့် သင့်တင့်သောပညာအရည်အချင်းရှိသူ ဖြစ်ခြင်းကို ဥပဒေကြမ်းကော်မတီက ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ အကြောင်းမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှာ သင့်တင့်သောပညာ အရည်အချင်းမရှိပါက ရပ်ကွက်စာရေးများ၏ စေညွှန်ရာ ကိုသာလုပ်ကြရခြင်းဖြစ်ပါတယ်။ အလယ်တန်းအဆင့်ဟုဆိုရာတွင်လည်း တောခေါင်သောအချို့ ကျေးရွာများတွင် အတန်းပညာတတ်သူရှားပါးသောကြောင့်လည်း မူလပြဋ္ဌာန်းချက်ကို ပြင်ဆင်၍ အတည်ပြုပေးပါရန် တင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၄ ပုဒ်မ ၅(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒါကိုမဆွေးနွေးခင် ကျွန်တော်တင်ပြချင်တာက ခုနက အသစ်ဖြည့်စွက်ချက် ကျွန်တော့်ရဲ့အဆိုကို အတည်ပြုတဲ့ဟာကို နောက်ပိုင်းမှာ အဲဒါတွေ စာသားတွေ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသူ အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးဆိုတဲ့ စာသားဟာ ခဏခဏပါပါတယ်။

အဲဒီနေရာမှာ အိမ်ထောင်စုကိုယ်စားလှယ်ဆိုတာကို နောက်ပိုင်းမှာ ထည့်ဖြည့်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။ ဒုတိယတစ်ချက်က ဒီပုဒ်မနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပယ်ဖျက်ပေးဖို့ ဆိုပြီးတော့ ခြောက်ချက်တင်ပြထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တစ်ခုချင်းဆွေးနွေးတဲ့အခါမှာ တစ်ခု ချင်းကန့်လန့်ဖြတ်ဇယားမှာအားလုံးပါသင့်ပါတယ်။ ဥပမာဆိုပါစို့။ အောက်က ပုဒ်မခွဲ(ဂ)ကိုဖြတ်မယ် ဆိုတဲ့ဟာမှာ ကျွန်တော်ကလည်း ဖြတ်မယ်လို့ပြောထားတဲ့အတွက် ပါသင့်ပါတယ်။ ထို့အတူပဲ နောက်ပိုင်းမှာလည်းပဲ (စ)တို့၊ (ဆ)တို့၊ (ဇ)တို့၊ (ဈ)တို့ဆိုတဲ့နေရာတွေမှာ ဒီဘက်က ဥပဒေကြမ်း ကော်မတီက မပြင်ဆင်ပေမယ့် ကျွန်တော့်ရဲ့အဆိုကို ကန့်လန့်ဖြတ်ဇယားမှာ ထည့်ပေးသင့်ပါတယ်။ အဲဒါမှ ဆုံးဖြတ်လို့ရနိုင်မှာဖြစ်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီတော့ ဒီပုဒ်မ(ဂ)နဲ့ပဲ ကျွန်တော် တင်ပြပါမယ်။ ပုဒ်မခွဲ(ဂ)ကို ကျွန်တော်ပယ်ဖျက်လိုတာကတော့ ကျွန်တော်တို့ဟာ လွှတ်တော်ကိုယ်စားလှယ်တွေတောင်မှ ဒီလိုကန့်သတ်ချက်တွေမရှိပါဘူး။ နိုင်ငံသားဖြစ်ရမယ်။ အသက်ပဲကန့်သတ်ချက်ရှိတယ်။ အခုတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်ကို ၁၁ ချက်ထိ ကန့်သတ်ထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာမှာ ပြည်သူတွေရဲ့အဆုံးအဖြတ်ကို ကျွန်တော်တို့ ယုံကြည်သင့်ပါတယ်။ ပညာရေးနှင့်ပတ်သက်ပြီးတော့ မြို့နဲ့နယ်နဲ့ နယ်နှင့်နယ်စွန် နယ်ဖျားနှင့် မတူပါဘူး။ အဲဒီလို ကန့်သတ်လိုက်တဲ့အခါမှာ ရွေးချယ်ရတာ အခက်အခဲတွေ အများကြီး ရှိပါတယ်။ အဲဒီဒေသက ပြည်သူတွေရဲ့ဆုံးဖြတ်မှုကို ကျွန်တော်တို့ လေးစားသင့်ပါတယ်။ သူတို့ဒေသ မှာရှိတဲ့ ပညာအရည်အချင်းရှိသူလည်းရှိမယ်။ မရှိသူလည်းရှိမယ်။ သူတို့ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တွေ၊ ကျေးရွာကို အုပ်ချုပ်နိုင်မယ်ထင်တဲ့ပုဂ္ဂိုလ်တွေ သူတို့စိတ်ထဲမှာသူတို့ရှိပါလိမ့်မယ်။ ခန့်ယူ ထားတာ၊ လက်ခံထားတာလည်း ရှိပါလိမ့်မယ်။ အဲဒီလို ကျွန်တော်တို့က ကန့်သတ်ချက်ကို ဒီလိုထားလိုက်တဲ့အခါမှာ အခက်အခဲတွေ တွေ့လာနိုင်တဲ့အတွက်နဲ့ ကျွန်တော်တို့က ဒါဟာ ကျေးရွာ အုပ်ချုပ်မှုတစ်ယောက်ရဲ့ ပညာအရည်အချင်းနှင့် ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့ဆုံးဖြတ်ခွင့်၊ ဒီမိုကရေစီအရ ဆုံးဖြတ်ခွင့်ကို သူတို့ဟာသူတို့ လွတ်လွတ်လပ်လပ်ပေးစေလိုတဲ့အတွက် ဒီလို ကန့်သတ်ချက်ကို မထားစေချင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ပယ်ဖျက်ဖို့တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၄ ပုဒ်မ ၅(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်ကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးခွင့်ရတဲ့ အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုတဲ့ အချက်ကတော့ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) ကို အကြံပြုဆွေးနွေးလိုပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) မှာ အဆိုပြု ပြဋ္ဌာန်းချက်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ပညာအရည်အချင်းသတ်မှတ်တဲ့ နေရာမှာ အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ခြင်းဆိုတဲ့ဟာကို နည်းနည်းထောက်ပြဆွေးနွေးလို ပါတယ်။ ၎င်းအစား ပညာအရည်အချင်းအသင့်အတင့်ရှိသူ မူလဥပဒေအတိုင်း သို့မဟုတ် မြန်မာစာ ရေးတတ်ဖတ်တတ်တဲ့သူဖြစ်ခြင်းဆိုတဲ့ဟာကို ပြောင်းလဲအတည်ပြုပေးဖို့ အဆိုပြုတင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရားအခြေခံအုတ်မြစ်ဟာ ကျေးရွာအုပ်ချုပ်ရေး ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် အလယ်တန်းအဆင့်လို့ သတ်မှတ်လိုက်လို့ရှိရင် တစ်နိုင်ငံလုံးကို ဒီဥပဒေ ဟာ မလွှမ်းခြုံနိုင်ပါဘူးဆိုတာ ကျွန်တော် လက်တွေ့သိရှိရပါတယ်။ ဥပမာ- ကျွန်တော်တို့တောင်ပေါ် ဒေသမှာ တချို့ကျေးရွာအုပ်စုတွေမှာ ပညာအရည်အချင်း အလယ်တန်းအဆင့်အောင်မြင်သူမရှိ ကြောင်း လက်တွေ့သိရှိရပါတယ်။ ဒါကြောင့် အဲဒီအတိုင်း သတ်မှတ်မယ်ဆိုရင် ဥပဒေအတိုင်း ရွေးချယ်နိုင်ဖို့ အင်မတန်ခက်ခဲကြောင်း သိရှိရပါတယ်။ ဥပဒေအတိုင်း မရွေးချယ်နိုင်ဘူးဆိုရင် ဥပဒေ ကိုဆန့်ကျင်ရာရောက်သွားမယ်လို့ ကျွန်တော်အကြံပြုဆွေးနွေးလိုပါတယ်။ ဒါကြောင့် ပညာ အရည်အချင်းမရှိပေမယ့် ရပ်ကွက်/ကျေးရွာအုပ်စုတွေမှာ နိုင်ငံရေးအတွေ့အကြုံအမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေကို အများက ကြည်ညိုလေးစားတဲ့ပုဂ္ဂိုလ်တွေရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့် ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)ကို ပညာအရည်အချင်း အသင့်အတင့်ရှိသူ သို့မဟုတ် မြန်မာစာရေးတတ်ဖတ်တတ်သူဟု ပြောင်းလဲပေးရန် အဆိုပြုကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) နှင့်ပတ်သက်ပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်တဲ့

အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၄ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က ပယ်ဖျက်ရန် အတည်ပြုချက်ကို ဥပဒေကြမ်းကော်မတီက မူလပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြပြီး မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနဲ့ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့ ပယ်ဖျက်ရန်အတည်ပြုချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့ကို ဆက်လက်ပြီး မဲခွဲပါမယ်။ အဲဒီမဲခွဲမှုမှ အနိုင်ရရှိသူနှင့် မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်ကို မဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်ချက်အတိုင်း ထားရှိရန်အဆိုပြုချက်နှင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့မူလအတိုင်းထားရှိရန်အဆိုပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ပယ်ဖျက်ရန် အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်

မဲများလျှင် ဦးဖေသန်းရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ပေါင်း ၃၆၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄ ပုဒ်မ ၅ ပုဒ်မခွဲ (ဂ) နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နှင့် မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးနန်မွန်ထင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ပေါင်း ၃၄၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄ ပုဒ်မ ၅ ပုဒ်မခွဲ (ဂ) သည် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်း အဝေးကိုခေတ္တရပ်နားပြီး နေ့လယ် ၁း၀၀ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင် ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၅ ကို အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အဆိုပြုပြဋ္ဌာန်းချက်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်းအနည်းဆုံး ငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်းကို ဒီအတိုင်းထားပြီး ခြွင်းချက်အနေဖြင့် ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားနိုင်သည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ခဲ့ပါတယ်။ အဘယ်ကြောင့်ဆိုသော် တစ်ဆက်တည်း ၁၀ နှစ်နေထိုင်သူကိုဆိုရာတွင် လူတော်တော်များများရရန် ခက်ခဲပြီး ဝန်ထမ်းဖြစ်ပါက ရပ်ကွက်အတွက် တော်သော၊ အကျိုးရှိသောသူများ မဆုံးရှုံးစေရန်အတွက် ခြွင်းချက်ကို ထည့်သွင်းရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကျင်းပချိန်ကို လေးစားလိုက်နာဖို့ ပြောကြားလိုပါတယ်။ အခုမှဝင်လာတာ ၂၀၊ ၂၅ ယောက်လောက်ရှိတယ်။ ဒါဟာ လွှတ်တော်ခန်းမ၊ လွှတ်တော်အစည်းအဝေးဆိုတာကို လေးလေးနက်နက်သဘောပေါက်ပါ။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(င)သည် ရပ်ကွက် သို့မဟုတ် ကျေးရွာဒေသခံများနှင့် ဒေသခံ တိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်ပေးတဲ့ဥပဒေလို့ မှတ်ယူပါတယ်။ ၁၀ နှစ်မှ ၅ နှစ်ဟု လျှော့ချလိုက်ခြင်းသည် တိုင်းရင်းသားဒေသခံများရဲ့အခွင့်အရေးကို လျှော့ချလိုက်သကဲ့သို့ ဖြစ်နေပါ တယ်။ တိုင်းရင်းသားဒေသ၊ တိုင်းရင်းသားများလည်း ဒီလိုပဲခံစားရမယ်လို့ယူဆပါတယ်။ ယခုအချိန်မှာ ဒီလို အားနည်းတဲ့ ဥပဒေမျိုးကို မပြဋ္ဌာန်းသင့်သေးဘူးလို့ ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းရွှေ့ အခြေချနေထိုင်လာတဲ့သူများဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်ဖို့အတွက် ပြောင်းရွှေ့လာကြခြင်း မဟုတ်ပါဘူး။ သူတို့ဟာ စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်၊ အခွင့်အလမ်း အရ ပြောင်းရွှေ့လာခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့အနေနဲ့ ၁၀ နှစ်နေထိုင်ပြီးမှ ရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းပြုလုပ်မည်ဆိုပါကလည်း သူတို့အတွက်နစ်နာမှုမရှိနိုင်ပါဘူး။ ထို့အတူပဲ ပြောင်းရွှေ့အခြေချနေထိုင်လာတဲ့သူတွေဟာ ၁၀ နှစ်ကြာမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်း အားဖြင့်လည်း နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုမရှိနိုင်ပါဘူး။ ၁၀ နှစ်မှ ၅ နှစ်သို့ လျှော့ချလိုက်မည် ဆိုပါက တိုင်းရင်းသားဒေသခံများအနေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးလုပ်ငန်းမှာ ပါဝင်နိုင်ဖို့အခွင့် အရေးနည်းသွားမှာ ဖြစ်ပါတယ်။ ယခု ၁၀ နှစ်ပြဋ္ဌာန်းထားတာတောင်မှ တိုင်းရင်းသားဒေသက ဒေသခံ များဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးလုပ်ငန်းမှာ ပါဝင်ခွင့်နည်းပါးနေတာကို တွေ့ရပါတယ်။ ၅ နှစ်သို့ လျှော့ချလိုက်ခြင်းအားဖြင့် လူဦးရေများပြားသောလူမျိုးများနဲ့ ရွှေ့ပြောင်းမှုများပြားသော လူမျိုးများ အတွက်ပဲ အကျိုးရှိပြီး အထူးသဖြင့် တိုင်းရင်းသားဒေသက လူနည်းစုတိုင်းရင်းသားများအတွက် အထူးနစ်နာမှုရှိပါတယ်။ ဒါကြောင့်မို့လို့ နဂိုမူလ ၁၀ နှစ် ပြဋ္ဌာန်းထားခြင်းကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်ဆို တင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ပြင်ဆင်အဆိုပြုချက်က အဓိကအားဖြင့် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်းအနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိခြင်းကို မူလအတိုင်း ပြန်လည်ပြဋ္ဌာန်းရန်နှင့် ကျေးရွာအုပ်စုအတွင်းမှာ အုပ်ချုပ်ရေးအပိုင်းကို စီမံခန့်ခွဲမယ့် အုပ်ချုပ်ရေးမှူးတစ်ယောက်ဟာ ကျွန်တော်တို့ပြည်နယ်အနေအထားတော်တော်များများအရ ကျေးရွာအုပ်စုတစ်ခုတည်းမှာ ကျေးရွာပေါင်းမြောက်မြားစွာ၊ တချို့နေရာဆိုရင် ရွာပေါင်း ၁၀ ရွာကျော်၊ နောက်ပြီးတော့ နယ်နိမိတ်အကျယ်ကြီးကို စီမံခန့်ခွဲရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ နယ်မြေပထဝီအနေအထား၊ နောက်တစ်ခါ လူမှုပတ်ဝန်းကျင်အနေအထားကို ရင်းနှီးကျွမ်းဝင်ဖို့ဆိုတဲ့ သူရဲ့ Capacity ကို၊ လုပ်ဆောင်နိုင်မှုကို ကျွန်တော်တို့က ထည့်သွင်းစဉ်းစားပေးဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ အခုအဆိုပြုပြဋ္ဌာန်းချက်မှာ ပြောင်းလဲပြဋ္ဌာန်းထားတဲ့ ၅ နှစ်အနည်းဆုံးဆိုတဲ့ဟာက အင်မတန်နည်းလွန်းတဲ့ကာလအနေအထားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၁၀ နှစ်ကို ပြန်လည်အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ ဒ့ါအပြင် ဒေသခံများရဲ့ ပါဝင်နိုင်မှုအနေအထားကို ပိုမိုဆောင်ရွက်စေနိုင်တယ်ဆိုတဲ့သဘောအနေနဲ့ ကျေးရွာအုပ်စုမှာ အိမ်ထောင်စုစာရင်းပြနိုင်တဲ့ပုဂ္ဂိုလ်မျိုးကို အဓိကထားပြီးတော့ ရွေးချယ်နိုင်ဖို့အတွက် အိမ်ထောင်စုစာရင်းမှာ နိုင်ငံသားအပြင် အမှန်တကယ်နေထိုင်သောသူဖြစ်ခြင်းဆိုတဲ့ ပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ အပိုဒ်ခွဲ(က)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ပုဒ်မ ၅ ပုဒ်မခွဲ(င)မှ မူလဥပဒေမှာ ဆိုလို့ရှိရင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်းအနည်းဆုံး ၁၀ နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ခြင်းအပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်နေထိုင်မည့်သူဖြစ်ခြင်း ဆိုပြီးပါရှိထားပါတယ်။ အဆိုပြု ပြဋ္ဌာန်းချက်မှာ ကျတော့ ၅ နှစ်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီ ပုဒ်မ ၅ ပုဒ်မခွဲ(င)မှာ ကျွန်မပြင်ဆင်ချက်တစ်ခုနဲ့ အသစ်ဖြည့်စွက်ချက်ဆိုပြီးတော့ ကျွန်မ နှစ်ပိုင်းတင်ပြထားပါတယ်။ ပြင်ဆင်ချက်မှာ အခုနက

ဦးလမာနော်အောင်နဲ့ ဦးစိုင်းသန့်ဇင်ကို ကျွန်မအနည်းငယ်ဖြည့်စွက်ပြီးတော့ ဆွေးနွေးချင်ပါတယ်။ ဒီ အကျိုးအကြောင်းဖော်ပြချက်မှာဆိုလို့ရှိရင် တရားဥပဒေစိုးမိုးမှုမရှိ၊ နယ်မြေလုံခြုံမှုမရှိတဲ့ဒေသမှာဆို လို့ရှိရင် ဤ ၅ နှစ်သက်တမ်းဟာ ဒီနယ်မြေတွေအတွက် လုံးဝလုံလောက်တဲ့ အချိန်အကန့်အသတ် မဟုတ်ပါဘူး။ နောက်ပြီးတော့ ဥပဒေကြမ်းကော်မတီက ၅ နှစ်ဆိုတာ လူတော်တွေကို အချိန်နဲ့၊ အဲဒီ အချိန်ဆို လူတော်တွေမရနိုင်ဘူးလို့ ပြောထားတဲ့စကားဟာ လူတော်တစ်ယောက်ကို အချိန်နဲ့တိုင်းတာ လို့မရပါဘူး။ ကျွန်မတို့က အတွေ့အကြုံနဲ့လိုအပ်ပါတယ်။ အုပ်စုတစ်ခုမှာ ရှိနေတဲ့ ကျေးရွာတွေဟာ ပျံ့နှံ့ပြီးတော့ မိုင် ၂၀ ကျော်ဝေးတာတွေလည်း ရှိနေပါတယ်။ အဲဒီအတွက် ပြဿနာကိုဖြေရှင်းနိုင်ဖို့ ဆိုတာ ဒီ ၁၀ နှစ်ဆိုတဲ့အချိန်က မရှိမဖြစ် တကယ်လိုအပ်နေပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ပကတိ အခြေ အနေအရ ဒီနိုင်ငံကို လွှမ်းခြုံနိုင်ဖို့အတွက် ဒီ ၁၀ နှစ်ကိုသာ ဆက်လက်ပြဋ္ဌာန်းသင့်ပါကြောင်းနှင့် နောက်နောင် ကျွန်မတို့ တရားဥပဒေ ဒီထက်စိုးမိုးပြီး လုံခြုံမှုရှိလာပြီဆိုတဲ့အချိန်မှသာ ၅ နှစ်ကို လျှော့ပေါ့သင့်ပါကြောင်း ကျွန်မပြောချင်ပါတယ်။ နောက်တစ်ပိုင်းအနေနဲ့ ကျွန်မ ဖြည့်စွက်ချင်တာက အိမ်ထောင်စုတွင် ပါဝင်သူဆိုပြီးတော့ ကျွန်မဖြည့်စွက်ချင်ပါတယ်။ မူလဥပဒေမှာကျတော့ လက်ရှိ နေထိုင်သူဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်းလို့ပဲ ပြဋ္ဌာန်းထားပါတယ်။ တချို့ဟာ အဲဒီကျေးရွာမှာ အမှန် တကယ်နေပါတယ်။ ဒါပေမဲ့ အိမ်ထောင်စုစာရင်းထဲမှာ မပါပါဘူး။ ကျွန်မအဲဒီအတွက် အကျိုး အကြောင်းဖော်ပြချက်အနေနဲ့ ကျွန်မ နမ္မတူမှာရှိတဲ့ ကျေးရွာအုပ်စုတစ်စုမှာဆိုလို့ရှိရင် အဲဒီနမ္မတူ အိမ်ထောင်စုစာရင်းထဲမပါဘဲနဲ့ အုပ်ချုပ်ရေးမှူးလုပ်တာရှိနေပါတယ်။ မွေးကတည်းက သူကအဲဒီ ဇာတိပါပဲ။ ဒါပေမဲ့တခြားမြို့မှာ အိမ်ဝယ်တဲ့အချိန်မှာ အဲဒီအိမ်အတွက်သူက ဒီအိမ်ထောင်စုစာရင်း ကနေ ထွက်ပြီးတော့ တခြားမြို့မှာရှိတဲ့စာရင်းထဲမှာ ပြောင်းရွှေ့ပြီးထားလိုက်ပါတယ်။ အဲဒါကို ဒီကျေးရွာမှာရှိနေတဲ့ လူတွေကမသိဘဲနဲ့ အုပ်ချုပ်ရေးမှူးရွေးချယ်တဲ့အချိန်မှာ သူကဒီနယ်မြေမှာ အမြဲတမ်းနေတဲ့ သူဖြစ်တဲ့အတွက်ကြောင့်ဆိုပြီးတော့ သူကိုအုပ်ချုပ်ရေးမှူးတင်ထားပါတယ်။ အခု လည်း ထမ်းဆောင်နေပါတယ်။ ဒါဟာ ကျွန်မတို့ ပုဒ်မ ၄ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာ တာဝန်ခံကို ရွေးချယ်တဲ့အချိန်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမယ်ဆိုပြီး ညွှန်းထားပါတယ်။ နောက်ပုဒ်မ ၇ မှာ ဆယ်အိမ်စု အဖွဲ့ နဲ့ ရာအိမ်စုအဖွဲ့ကို ဖွဲ့စည်းတဲ့အခါမှာလည်း ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အိမ်ထောင်စုစာရင်းများရယူပြီး ဖွဲ့စည်းရမယ်လို့ ပြောထားပါတယ်။

**မူကြမ်း**

အိမ်ထောင်စုစာရင်းကို ရယူမယ် လို့သာ ပြောပြီးတော့ အိမ်ထောင်စုစာရင်းထဲပါတဲ့သူဆိုပြီးတော့ မဖော်ပြထားပါဘူး။ နောက် အဲဒီ ပုဒ်မ ၇ မှာပဲ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်တဲ့အချိန်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မှာ နေထိုင်ကြသော အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ အိမ်ထောင်စု ကိုယ်စားလှယ်တစ်ဦးစီက ပုဒ်မ ၅ ပါအရည်အချင်းနှင့်ပြည့်မီသူကို ရွေးချယ်ရမယ်ဆိုပြီး ဖော်ပြထား ပါတယ်။ ဒီဥပဒေကို ကြည့်လိုက်မယ်ဆို့လို့ရှိရင် ပုဒ်မ ၅ ပါ အရည်အချင်းဟာ ဒီဥပဒေရဲ့ အသက် သွေးကြောဖြစ်နေပါတယ်။ အဲဒါကြောင့် ဒီအရည်အချင်းမှာဆိုလို့ရှိရင် အိမ်ထောင်စုစာရင်းဝင်တဲ့သူ ဆိုတာ ဖြည့်ဆည်းနိုင်မှသာ ပြီးပြည့်စုံတဲ့ ဥပဒေ၊ အားနည်းချက်မရှိတဲ့ဥပဒေတစ်ခုကို ကျွန်မတို့ ပြဋ္ဌာန်း နိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် အနိုင်အရှုံးတစ်ခုတည်းရယ် မဟုတ်ဘဲနဲ့ ကျွန်မတို့နိုင်ငံအတွက် တကယ့်အကျိုးရှိတဲ့ ဥပဒေကို ပြဋ္ဌာန်းနိုင်လိမ့်မယ်လို့ ကျွန်မမျှော်လင့်ရင်းနဲ့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိသူ ဖြစ်ရမယ့် အပြင် ၎င်းကျေးရွာ အုပ်စုရှိ အိမ်ထောင်စုစာရင်းဝင်သူဖြစ်ပြီးဆိုတဲ့ စာလုံးကို ဖြည့်စွက်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ အပိုဒ်ခွဲ(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ၅ ပုဒ်မခွဲ(င)နှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီမှာ ပြင်ဆင်ချက်နှစ်ခု တင်သွင်းထားပါတယ်။ အဆိုပြုချက် ၅(င)ကိုလည်း ပြင်ဆင်သလို ချွင်းချက်ကိုလည်း ကျွန်တော်ပြင်ဆင်လိုပါတယ်။ (င)ကို ပြင်ဆင်ရတဲ့အပိုင်းက နှစ်ကာလအကန့်အသတ်ကိုတော့ ၁၀ နှစ်ဆိုတာ အရင်ကိုယ်စားလှယ်တွေလည်း ဆွေးနွေးခဲ့တဲ့ အပေါ်မှာ ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ အဲဒီမှာ၊ နောက်ဆုံးမှာရေးထားတဲ့ (င)ရဲ့အဆုံးမှာ ရေးထားတာက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်းဆိုတာ မည့်ဆိုတာ အနာဂတ်ကို ပြပါတယ်။ ရှေ့ကဘယ်လောက်ပဲနေခဲ့တယ်ဆိုတာကို မဟုတ်ဘူး။ အနာဂတ်မှာ အဆင်သင့်နေရမယ်ဆိုတဲ့ အဓိပ္ပာယ်ပြတယ်။ ဒီတော့ အတိတ်ကာလမှာမူတည်ပြီးတော့ ကျွန်တော်တို့က ဥပဒေပြုရမှာဖြစ်ပါတယ်။ မသေချာတဲ့အနာဂတ်ကို ဘယ်သူမှမှန်းဆလို့မရပါဘူး။ သူနေထိုင်ချင်ရင်နေထိုင်မယ်။ ရွေးပြီးတော့ မနေနိုင်ရင်လည်း မနေနိုင်ပါဘူး။ အဲဒါကြောင့် ဒါဟာ ဥပဒေရဲ့အားနည်းချက်ဖြစ်နေပါတယ်။ တကယ်တော့ နေထိုင်ခဲ့တဲ့သူဖြစ်ရပါမယ်။ အဲဒါကြောင့် အဲဒီ နေရာမှာ ကျွန်တော်တို့က သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း

**မူကြမ်း**

အနည်းဆုံး ၁၀ နှစ်နေထိုင်နေသူဖြစ်ခြင်း၊ နေထိုင်နေသူလို့ အဓိပ္ပာယ်ပေါ်ပါတယ်။ အဲဒါကကျတော့ အရင်ကနေထိုင်ခဲ့တယ်ဆိုတာကို ရည်ညွှန်းချင်လို့ဖြစ်ပါတယ်။ ရှေ့မှာ မနေမှာ/နေမှာက ကျွန်တော်တို့ အလုပ်မဟုတ်ပါဘူး။ သူကလည်း အဲ့လို့နေချင်မှနေမှာပါ။ ဆိုတော့ ဒါကို ဥပဒေပြုတဲ့အခါမှာ တိကျတဲ့အတိတ်ကိုပဲ ညွှန်းပြီးတော့ ပြုသင့်ပါတယ်။ နောက်တစ်ချက်က ချွင်းချက်မှာ ချွင်းချက်ကို လည်း ကျွန်တော့်အနေနဲ့ပြင်လိုပါတယ်။ ချွင်းချက်မှာ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက အုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊ ဒါဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထား တာဖြစ်ပါတယ်။ နောက်ကျွန်တော့်အနေနဲ့ နှစ်အကန့်အသတ်ကို တိတိကျကျဖော်ပြလိုပါတယ်။ ချွင်းချက်တွင် ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက တစ်ဆက်တည်း အနည်းဆုံးငါးနှစ်နေထိုင်နေသူ ဖြစ်ရမည်ဆိုတာ လျှော့ပေါ့ပြီးတော့ စဉ်းစားတယ်ဆိုတဲ့ ယေဘုယျဆန်တဲ့ အချိန်ကန့်သတ်ချက်မျိုး မဟုတ်ဘဲ တိကျတဲ့အချိန်ကန့်သတ်ချက်မျိုး ဖြစ်စေချင်လို့ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ လျှော့ပေါ့ စဉ်းစားနိုင်တယ်ဆိုတာမြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ဆုံးဖြတ်ပိုင်ခွင့်၊ ကျေးရွာကြီးကြပ်ရေးအဖွဲ့တွေရဲ့ ဆုံးဖြတ်ပိုင်ခွင့် အဲ့လို သူတို့လက်ထဲကို ရောက်သွားတဲ့အတွက် အတိုးအလျှော့လိုသလို လုပ်ပေးနိုင် တာဖြစ်တာကြောင့် ကျွန်တော်တို့ ဥပဒေတွေမှာ အားနည်းချက်တွေ ဖြစ်သွားနိုင်ပါတယ်။ အဲဒါက ကျွန်တော်က ငါးနှစ်ဆိုပြီးတော့ အတိအကျဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီကျွန်တော်တို့ပြင်ဆင်ချက် နှစ်ခုကို တင်ပြ ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ အပိုဒ်ခွဲ(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ လားရှိုး မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုဒ်မ ၅ ပုဒ်မခွဲ(င) အနေနဲ့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက် တင်ပြထားတာရှိပါတယ်။ အဲဒီဟာတွေကတော့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ် ဥပဒေကြမ်းကော်မတီ တင်ပြထားတာကတော့ အားလုံးသိတဲ့အတိုင်းပဲ ငါးနှစ်လို့ပေးထားပါတယ်။ ကျွန်တော့်အနေနဲ့က တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်သူဖြစ်ခြင်းလို့ မည့် ကိုချန်လှပ်ပြီး ပြင်ဆင်တင်ပြထားပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့က (၁) အနည်းဆုံး ငါးနှစ်အစား ၁၀ နှစ်လို့ ပြင်ဆင်တင်ပြတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့က ရပ်ကွက်ကျေးရွာအုပ်စု အတွင်း ငါးနှစ်တာကာလလောက်နဲ့ လာရောက်နေထိုင်တဲ့သူဟာ အဲဒီရပ်ကွက်/ကျေးရွာအုပ်စုအတွင်း

မှာ နှစ်ပေါင်းများစွာရှိခဲ့တဲ့ သိမ်မွေ့နက်နဲတဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ စာပေယဉ်ကျေးမှုအစရှိတဲ့ ကိစ္စရပ်တွေရဲ့ အတွင်းကျကျ အသေးစိတ်အချက်အလက်တွေ၊ လိုအပ်ချက်တွေကို သိရှိနိုင်မှာ မဟုတ်ပါဘူး။ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်မယ့်သူဟာ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်တွေ အဆင်ပြေအောင် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း အပ်ကျတာကစ သိရှိနိုင်တဲ့အရည်အချင်းများလည်း ရှိဖို့ လိုအပ်ပါတယ်။ ဒါက Unreaping Qualification ဖြစ်ပေမယ့် ရပ်ကွက်/ကျေးရွာအုပ်စုလူထုအတွက် အင်မတန်မှအရေးကြီးကြောင်း တင်ပြအပ်ပါတယ်။ (၂) အနေနဲ့ ငါးနှစ်ကာလပြဋ္ဌာန်းချက်ဟာ နှစ်ရှည်လများစွာ နေလာခဲ့တဲ့ ဒေသခံအိမ်ရှင်ဖြစ်သူအတွက်မဟုတ်ဘဲ ဧည့်သည်သာသာဖြစ်သူအတွက်သာ ဖြစ်တယ်လို့ ရပ်ကွက်/ကျေးရွာအုပ်စု နေသူများက ယူဆသွားရင် မကျေနပ်မှုများကနေ နောက်ဆက်တွဲမလိုလားအပ်တဲ့ လူမှုရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခများ ဖြစ်ပေါ်လာနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားပေးရမယ့်အချက်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (၃)အချက်အနေနဲ့က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းသတ်မှတ်ချက်ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ပုဒ်မ ၁၂၀ ပုဒ်မခွဲ(ဂ)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အတွက် ပုဒ်မ ၁၅၂ ပုဒ်မခွဲ(ခ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အတွက် ပုဒ်မ ၁၆၉ ပုဒ်မခွဲ(က) တို့အရ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များရဲ့ နိုင်ငံတော်အတွင်း အခြေကျနေထိုင်တဲ့ကာလကို အနည်းဆုံး ၁၀ နှစ်လို့ သတ်မှတ်ထားတာကိုလည်း နှိုင်းယှဉ်စဉ်းစားနိုင်အောင် ထည့်သွင်းတင်ပြအပ်ပါတယ်။ ဒါကြောင့် ပုဒ်မ ၅ ပုဒ်မခွဲ(င)မှာ ပြဋ္ဌာန်းမယ့် အနည်းဆုံး ငါးနှစ်အစား ၁၀ နှစ်သာဖြစ်သင့်ပါကြောင်း အလေးအနက်တင်ပြအပ်ပါတယ်။ (၄)အနေနဲ့ မည့်ဆိုတဲ့ စကားလုံးအား ချန်လှပ်ထားလိုခြင်းမှာ ဥပဒေကြမ်းကော်မတီရဲ့ မူလစာသားမှာ တစ်ဆက်တည်း အနည်းဆုံး ငါးနှစ်နေထိုင်လျက်ရှိသူဖြစ်ပြီးလို့ ပါရှိထားပြီး အဲဒါနဲ့တင် အဓိပ္ပာယ်လုံလောက်ပြည့်စုံနေပြီဖြစ်တဲ့အတွက် မည့်ကို ချန်လှပ်ထားလိုခြင်းဖြစ်ပါကြောင်း ပြင်ဆင်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ငါးဦးတို့ရဲ့ ဆွေးနွေးတင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၅(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အပေါ် ဥပဒေကြမ်းကော်မတီ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ နမ့်တူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့က ပြင်ဆင်ချက်အဆိုများတင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်တို့ကို ဆက်လက်ပြီး မဲခွဲပါမယ်။ အဲဒီမဲခွဲမှုမှ အနိုင်ရရှိသူနဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို မဲခွဲပါမယ်။ ယင်းနောက် ဒီမဲခွဲမှုမှ အနိုင်ရရှိတဲ့သူနဲ့ နမ့်တူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတို့ကို မဲခွဲပါမယ်။ ယင်းနောက် ယင်းမဲခွဲမှုမှ အနိုင်ရရှိသူနဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို မဲခွဲပါမယ်။ နောက်ဆုံးအနေနဲ့ အဲဒီမဲခွဲမှုမှ အနိုင်ရရှိသူနဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့ကို မဲခွဲပါမယ်။ ယခုဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကအနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ်(၅) ပုဒ်မ ၅ ပုဒ်မခွဲ(င) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နှင့် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ပြင်ဆင်ချက်ကိုမဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက်

ကအနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးလမာနော်အောင်၏ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၁၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၄ မဲ၊ ကြားနေ ဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကအနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၁၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၃ မဲ၊ ကြားနေ ဆန္ဒမဲပေါင်း ၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကအနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါ်နန်းခမ်းအေးရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခု

ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ထောက်ခံဆန္ဒမဲပေါင်း ၂၉၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၈၇ မဲ၊ ကြားနေ ဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကအနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၀၉ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကအတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိုင်းမောက်ခမ်း၏ပြင်ဆင်ချက်က အတည်ဖြစ်ပါ့မယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၁၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၇ မဲ၊ ကြားနေ ဆန္ဒမဲပေါင်း ၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(င)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းကော်မတီ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ အပိုဒ်ခွဲ(ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(ည)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မူလဥပဒေ အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)နဲ့ပတ်သက်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့က ဒီမှာ ဝေါဟာရအခေါ်အဝေါ်ပဲ ကွဲလွဲနေတာပါ။ အဓိပ္ပာယ်အားဖြင့် တော့မကွဲပါဘူး။ ဒီနေရာမှာ တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းလို့ မူလဥပဒေမှာ သုံးထားပါတယ်။ အဲဒီမှာ နှစ်ပိုင်းရှိပါမယ်။ တစ်ပိုင်းက တာဝန်ထမ်းဆောင်ဆဲ၊ တစ်ပိုင်းက အစိုးရဝန်ထမ်းပါ။ ကျွန်တော် ထင်တာကတော့ နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်းဆိုတဲ့ တစ်လုံးတည်းနဲ့ပြီးပါတယ်။ ကျွန်တော် ဒီနိုင်ငံ့ဝန်ထမ်းဆိုတဲ့ကိစ္စကို ဘာကြောင့်သုံးသလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်း နိုင်ငံ့ဝန်ထမ်းလို့ သုံးထားပါတယ်။ နောက် စကားရပ်များအဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေမှာလည်း သုံးပါတယ်။ ဝန်ထမ်းရေးရာဦးစီးဌာနမှာလည်း သုံးပါတယ်။ သာမန်အားဖြင့်တော့ အရပ်ထဲမှာတော့ အစိုးရဝန်ထမ်းလို့ခေါ်ကြပေမယ့် တရားဝင်ပြောဖို့ဆိုဖို့ကြလာတဲ့အခါကျတော့ နိုင်ငံ့ဝန်ထမ်းလို့ပဲ သုံးရပါတယ်။ ဒါက တစ်ချက်ပါ။ နောက်တစ်ချက်က တာဝန်ထမ်းဆောင်ဆဲဆိုတဲ့ဝိသေသဟာ ထည့်စရာမလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုရင် နိုင်ငံ့ဝန်ထမ်းဖြစ်ကတည်းက တာဝန်ထမ်းဆောင်ဆဲဖြစ်လို့သာလျှင် နိုင်ငံ့ဝန်ထမ်းလို့ခေါ်တာပါ။ နိုင်ငံ့ဝန်ထမ်းဟုတ်တာနှင့်တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ဆဲဆိုတာ ပြောစရာမလိုတော့ပါဘူး။ အလိုအလျောက်ပါပြီးသား ဖြစ်ပါတယ်။ အဲဒါကြောင့် ဥပဒေများ ပြုစုတဲ့နေရာမှာ တိကျဖို့၊ ရှင်းလင်းဖို့၊ သေချာဖို့ တိုတိုနှင့်လိုရင်းကိုရောက်ဖို့ လိုတဲ့အတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်းဆိုတာလောက်နဲ့ လုံလောက်နေပါပြီ။ အဲဒါကြောင့် ကျွန်တော် ဒီအဆိကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ အပိုဒ် ၅ (ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(ည)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)နှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်းဟု ထည့်သွင်းထားခြင်းမှာ တာဝန်ကိုထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းကိုသာလျှင် ကန့်သတ်သင့်ပြီးတော့ အငြိမ်းစား၊ ပင်စင်စားများကို ရပ်ကျေးတာဝန်ထမ်းဆောင်သင့်သောကြောင့် ဥပဒေကြမ်းကော်မတီက တင်သွင်းသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကိုသာလျှင် အတည်ပြုသင့်ပါကြောင်း လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ မိုက်ပိတ်ပါ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)နှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုတင်ပြချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၅(ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(ည)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း အဆိုပြုဆွေးနွေးခဲ့ပြီး ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နဲ့ ဦးအောင်ကျော်ဇံရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ဇံရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅(ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(ည)သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးတင်သွင်းအပ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသည့် ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမည် ဟု ကြီးကြပ်ရေးအဖွဲ့မှာ တာဝန်ထမ်းဆောင်လိုပြီးတော့ အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင် ရန်အတွက်ကြောင့် ပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်းကိုဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအပိုဒ်ကိုမဆွေးနွေးခင် ပုဒ်မ ၅ နှင့်ပတ်သက်ပြီးတော့ အုပ်ချုပ်ရေးမှူး တစ်ယောက်ရဲ့ အရည်အချင်းနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြင်ဆင်အဆိုပြုချက်ခြောက်ချက် ကျွန်တော်တင်ပြထားပါတယ်။ ဒါပေမဲ့ တကယ်ဆွေးနွေးရတာက တစ်ချက်ပဲဖြစ်ပါတယ်။ အဲဒါကို ဥက္ကဋ္ဌကြီးကိုလည်း ကျွန်တော် ဒီကန့်လန့်ဖြတ်ဇယားမှာ မပါဘူးဆိုပြီးတော့ ကြိုတင်ပြီးတော့ တင်ပြ ထားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဆွေးနွေးခွင့်မရပါဘူး။ အဲဒါလည်း ကျွန်တော်စိတ်မကောင်း ပါဘူး။ ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အခွင့်အရေးဆုံးရှုံးတဲ့အတွက် ဒီ လုပ်ဆောင်ချက်ကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ပါတယ်။ အခု ကျွန်တော့်အနေနဲ့ ဒီ ပုဒ်မ ၆ နှင့် ပတ်သက်ပြီးတော့ ဆက်လက်ဆွေးနွေးတင်ပြပါမယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဆိုတဲ့အတွက်

မြို့နယ်အုပ်ချုပ်ရေးမှူးက ဒီကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့ရမယ်ဆိုတဲ့အဓိပ္ပာယ် သက်ရောက်ပါတယ်။ အဲဒီတော့ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ယောက်ဟာ တစ်မြို့နယ်နှင့်တစ်မြို့နယ်တော့ မတူပါဘူး။ ကျွန်တော်တို့နယ်မှာဆိုရင် ကျေးရွာပေါင်း အုပ်စုပေါင်း ၆၀၊ ၇၀ လောက်ရှိပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက သွားပြီးတော့ဖွဲ့လို့ ဘယ်လိုမှအလျင်မမီပါဘူး။ အဲဒါကြောင့် ဘယ်လိုလုပ်သလဲဆိုတော့ လက်ရှိကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒီကျေးရွာစာရေးတွေကပဲ သူတို့စိတ်ကြိုက်တွေကို ရွေးပြီးပါပြီဆိုပြီးတော့ တင်လိုက်ပါတယ်။ လူထုဆန္ဒကိုလည်း ယူတာမရှိပါဘူး။ ယူရင်လည်း သူတို့ရဲ့နီးစပ်ရာအဖြစ်သဘောလောက်ပဲ ခေါ်ယူပြီးတော့ လက်တန်းတင်လိုက်ကြပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ အုပ်ချုပ်ရေးမှူးတစ်ယောက်က သူမလုပ်နိုင်ပါဘူး။ အဲဒီလို ရွာတိုင်းကိုသွားပြီးတော့ ပွင့်လင်းမြင်သာစွာ သူ့အနေနဲ့ မဖွဲ့စည်းနိုင်ပါဘူး။ အဲဒါကြောင့် ကျွန်တော်က မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သော မြို့နယ်ဌာနဆိုင်ရာအကြီးအကဲတစ်ဦးဦးကို ဦးဆောင်ပြီးတော့ သွားမယ်ဆိုရင် ကျွန်တော်တို့ ဒီအချိန်တိုအတွင်းမှာ ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့တာဟာ အဆင်ပြေမယ်ထင်လို့ အဲဒီမှာ အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ဌာနဆိုင်ရာအကြီးအကဲတစ်ဦးဦးကို ဦးဆောင်ဖို့ဆိုတဲ့ အချက်တစ်ချက်ကို ပြင်ဆင်ပါတယ်။ ပြီးတော့ ဒီမှာ ရပ်မိရပ်ဖကြီးကြပ်ရေးအဖွဲ့ နေထိုင်သူများ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသည့် ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမယ်ဆိုတာ ဘယ်လိုဖွဲ့စည်းမလဲဆိုတာ မပါရှိပါဘူး။ အဲဒါကို ကျွန်တော့်အနေနဲ့ အများဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာဖွဲ့စည်းပြီးတော့ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမယ်ဆိုတဲ့နှစ်ချက်ပါ။ ဖွဲ့မယ့်ဥစ္စာက မြို့နယ်အုပ်ချုပ်ရေးမှူးကမဖွဲ့နိုင်ရင် သူကတာဝန်ပေးတဲ့ ဌာနဆိုင်ရာအကြီးအကဲတစ်ယောက်ရယ်၊ နောက်ပြီးတော့ ဖွဲ့တဲ့အခါမှာလည်း ခုနကလို အလျင်စလိုလုပ်ပြီးတော့ နီးစပ်ရာနီးစပ်ရာလုပ်တာမဟုတ်ဘဲနဲ့ လူထုကိုခေါ်ပြီးတော့ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းပြီးတော့ ဖွဲ့စည်းနိုင်ဖို့အတွက် ဒီနှစ်ချက်ကို ကျွန်တော့်အနေနဲ့ အဆိုအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ပြင်ဆင်တင်ပြချက် အဆိုစာသားအနေနဲ့ကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

အတွင်း နေထိုင်သူများက လွတ်လပ်စွာဆန္ဒမဲပေး၍ ရွေးချယ်ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့် ဒေသခံအများစုပါဝင်သော ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန် ပေးအပ်ရမည်လို့ ဖြည့်စွက်တင်ပြထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ (၁) လွတ်လပ်စွာ ဆန္ဒမဲပေး၍ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ထားရခြင်းဟာ အရွေးချယ်ခံရပ်မိရပ်ဖငါးဦးကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်မှုပဲ ဒီမိုကရေစီစံနှုန်းနဲ့ကိုက်ညီပါတယ်။ ဒါကြောင့် ကြီးကြပ်ရေးအဖွဲ့ကို ရွေးချယ် ရာမှာ လွတ်လပ်စွာဆန္ဒမဲပေး၍ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်တင်ပြထားခြင်းပဲ ဖြစ်ပါတယ်။ (၂) အနေနဲ့ ဒေသခံအများစုပါဝင်သော ဆိုတဲ့စကားရပ်ကို ပြင်ဆင်ထည့်သွင်းရတာဟာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ဒိုင်လူကြီးလိုဆောင်ရွက်ကြမယ့် အဖွဲ့ဝင်ငါးဦးပါတဲ့ ဒီကြီးကြပ်ရေး အဖွဲ့ဟာ အဓိကကျတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့က သမာသမတ်ဖြစ်ဖို့၊ တရားမျှတဖို့၊ ပြည်သူ ယုံကြည် တဲ့အဖွဲ့ဖြစ်ဖို့ဆိုလို့ရှိရင် အဖွဲ့ထဲမှာ ဒေသခံပါဖို့လိုအပ်သလိုပဲ အများစုဖြစ်ဖို့လည်း အရေးကြီးတယ် လို့ ယုံကြည်ယူဆတဲ့အတွက် ပြင်ဆင်တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပုဒ်မ ၆ မှာပါတဲ့ စကားရပ် ပိုပြီးပြည့်စုံအောင်၊ ဒီမိုကရေစီစံနှုန်းနဲ့ကိုက်ညီအောင်၊ သမာသမတ်လည်းကျအောင် လွတ်လပ်စွာဆန္ဒမဲ ပေး၍နဲ့ ဒေသခံအများစုပါဝင်သော ဆိုတဲ့စကားရပ်များနှင့် ပြင်ဆင်ဖြည့်စွက်တင်ပြခြင်း ဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့တင်ပြချက်က ဥပဒေ ကြမ်းကော်မတီရဲ့ သဘောထားနဲ့အတူတူပဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၆ ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော် ရဲ့အဆုံးအဖြတ်ကို ခံယူမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အပေါ် ဥပဒေကြမ်းကော်မတီရဲ့

ပြင်ဆင်ချက်ကို သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်က ထောက်ခံဆွေးနွေးပြီး မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နှင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့သူနဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို မဲခွဲပါမယ်။ အဲဒီမဲခွဲမှုမှ အနိုင်ရရှိသူနှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဆက်လက်ပြီး မဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နှင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုမဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါ့မယ်။ ယခု ဆွေးနွေးမယ့်အချက်နဲ့ စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲ ဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ ပုဒ်မ ၆ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိုင်းမောက်ခမ်းရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၂၉ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ ပုဒ်မ ၆ သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇ ပုဒ်မ ၇ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပုဒ်မ ၇ ကို ကျွန်တော်က အဆိုတင်သွင်းမှာကတော့ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးရဲ့ကိုယ်စား အဆိုပြုမှာဖြစ်ပါတယ်။ ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)၊ ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)၊ ဦးလှထွန်းအောင်(မလှိုင်မဲဆန္ဒနယ်)၊ ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)၊ ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)၊ ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)၊ ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)တို့ရဲ့ကိုယ်စား အဆိုပြုမှာဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်အဆိုပြုမှာကတော့ ပုဒ်မ ၇ ပုဒ်မခွဲ(က)ကနေပြီးတော့ ပုဒ်မခွဲ(ဇ)အထိအဆိုပြုမှာဖြစ်ပါတယ်။ အဆိုပြုရတဲ့အကြောင်းကတော့ ဥပဒေကြမ်းကော်မတီက တင်သွင်းထားတာက

အုပ်ချုပ်ရေးမှူးကို အရင်ရွေးချယ်ခန့်အပ်ပြီးတော့ အုပ်ချုပ်ရေးမှူးကနေပြီးတော့ ကျေးရွာတာဝန်ခံ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေကို ကြီးကြပ်ရေးအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ခန့်အပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခန့်အပ်တယ်ဆိုတာက ဒီမိုကရေစီခေတ်နဲ့မကိုက်ညီဘူးဖြစ်ပါတယ်။ အမှန် တကယ်တော့ အများရဲ့ဆန္ဒနဲ့ ဒီမိုကရေစီကျ ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။ ဒါမှလည်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရာအိမ်စု၊ ဆယ်အိမ်စုတွေကို ပြည်သူကို တကယ်ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တွေဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပြုတာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အဆိုပြုတဲ့အခါမှာ အမျိုးသားလွှတ်တော်ရဲ့အဆိုပြုချက်ကိုအခြေခံပြီးတော့ ပိုမိုပြီးတော့ စကားလုံး ကျစ်ကျစ်လျစ်လျစ်နဲ့ ခိုင်မာအောင်၊ ရှင်းလင်းအောင်လို့ဆိုပြီးတော့ အဆိုပြုတင်ပြမှာဖြစ်ပါတယ် ခင်ဗျား။ ပုဒ်မ ၇ မှာ ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်သော ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့များကို စုစည်းရမည်။ (ခ) ဆယ်အိမ်စုအသီးသီးတွင်နေထိုင်ကြသော အိမ်ထောင်စုဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တို့အားစုစည်း၍မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့်ပြည့်စုံသူ တစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမည်။ (ဂ) ရာအိမ်စုအသီးသီးတွင် ရွေးချယ် ခံရသော ဆယ်အိမ်မှူးအများအနက်မှ ရာအိမ်မှူးတစ်ဦးဦးကို သက်ဆိုင်ရာအိမ်ထောင်စုအတွင်းရှိ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။ (ဃ) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးတစ်ဦးတည်းသာရှိပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရ မည်။ (င) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးများသည် တစ်ဦးထက်ပိုပါက ထိုသူတို့အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းအဖြစ် အမည်စာရင်းပြုစုပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကြေညာရမည်။ (စ) ပုဒ်မခွဲ(င)အရ ပြုစုထားသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးတို့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကိုယ်စားလှယ် များက သတ်မှတ်ထားသောနေ့ရက်တွင် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်စေရမည်။ ရရှိသော ဆန္ဒမဲ များကိုရေတွက်၍ ဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းပြုစုပြီး ကြေညာရမည်။ (ဆ) ကျေးရွာ

**မူကြမ်း**

တစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထဲက တစ်ဦးကို အများဆန္ဒနဲ့အညီ ရွေးချယ်ရမည်။ (ဇ) ပုဒ်မခွဲ(စ)အရ မဲဆန္ဒအများအနည်းအလိုက် ပြုစုထားသော အမည်စာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးခန့်အပ်နိုင်ရန်လည်းကောင်း၊ ကျေးရွာအုပ်စု တာဝန်ခံများ၏ အမည်စာရင်းများ၊ ရာအိမ်မှူးများ၏အမည်စာရင်းများ၊ ဆယ်အိမ်မှူးများ၏အမည်စာရင်းများကို မှတ်တမ်းတင်ထားရန်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲအစီရင်ခံစာနှင့်အတူပေးပို့ရမယ်လို့ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇ ပုဒ်မ ၇ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ ၇ (က)နှင့်(ခ)တွင် အငြင်းပွားမှုမရှိပါဘူး။ ဆွေးနွေးချက်များအရ ၇(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)တို့သည် အုပ်စုအုပ်ချုပ်ရေး ရွေးချယ်သော လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်ဆက်တစ်စပ်တည်း ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်သွင်းထားသော အုပ်ချုပ်ရေးမှူးရွေးချယ်သော လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်တင်ပြထားသော ကိုယ်စားလှယ်များနှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးရာမှာ ဦးမြင့်ဦးမှ ပြန်လည်ပြင်ဆင်ဆွေးနွေးရန်တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအစား တင်ပြဆွေးနွေးထားသော အချက်များကို သဘောတူပါကြောင်းနှင့် လွှတ်တော်မှ ဦးမြင့်ဦး တင်သွင်းသော အပိုဒ် ၇ ပုဒ်မ ၇ ၏ ပြင်ဆင်ချက်အဆိုကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၇ ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ တင်ပြချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အပေါ် ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၇ ပုဒ်မ ၇ နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏အတည်ပြုချက်အပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်ချိန်က ပြင်ဆင်ချက်အဆိုတင်သွင်းထားသော်လည်း ယခု သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီက ယခုသဘောတူသော သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ပြင်ဆင်ချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ဆက်လက်ပြီး မဲခွဲပါမယ်။ ယခု ဦးမြင့်ဦးရဲ့ ပြင်ဆင်ချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့မူလအစီရင်ခံစာပါ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ဦးမြင့်ဦးရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲပါမယ်။ ဦးမြင့်ဦးရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဦးမြင့်ဦးရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၂ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၇ ပုဒ်မ ၇ နှင့်စပ်လျဉ်းပြီး ဦးမြင့်ဦးရဲ့ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဦးမြင့်ဦးရဲ့ပြင်ဆင်ချက်နှင့် အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို မဲခွဲပါမယ်။ ဦးမြင့်ဦး၏ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဦးမြင့်ဦး၏ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဦးမြင့်ဦး၏ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၇ ပုဒ်မ ၇ သည် ဦးမြင့်ဦး၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ ပုဒ်မ ၈ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၈ ကို အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ဟု အောက်ပါအတိုင်း အစားထိုးတင်သွင်းအပ်ပါတယ်။ ပုဒ်မ ၈ ပုဒ်မခွဲ(က) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇ ပုဒ်မခွဲ(ဃ)အရ တင်ပြသော ပုဂ္ဂိုလ်နှင့် ပုဒ်မ ၇ ပုဒ်မခွဲ(စ)အရ တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်များထဲမှ ဆန္ဒမဲအများဆုံးရရှိသူကို ပုဒ်မ ၅ ပါအရည်အချင်းများနှင့် စိစစ်ပြီး ပြည့်စုံပါက ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆယ်အိမ်စုအလိုက် ဆယ်အိမ်မှူးများကိုလည်းကောင်း၊ ရာအိမ်စုအလိုက် ရာအိမ်မှူးများကိုလည်းကောင်း၊ ကျေးရွာအလိုက် ကျေးရွာတာဝန်ခံများကိုလည်းကောင်း ရွေးချယ်တာဝန်ပေးခန့်အပ်ရမည်။ သို့ဖြစ်ပါ၍ ဤပြင်ဆင်ချက်အဆိုကို လက်ခံပေးပါရန် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်(၉) ပုဒ်မ ၈ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)နှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဟာ ရွေးချယ်ပုံစနစ် မတူတဲ့အခါမှာ အမျိုးသားလွှတ်တော်က ဆယ်အိမ်မှူးကို အရင်ရွေးပါတယ်။ ဆယ်အိမ်မှူးထဲကမှ ရာအိမ်မှူးကို ရွေးတယ်။ ရာအိမ်မှူးထဲက အုပ်ချုပ်ရေးမှူးကို ရွေးတယ်ဆိုပြီးတော့ အဆင့်ဆင့်အောက်ခြေကနေပြီးတော့ စပါတယ်။ ပြည်သူ့လွှတ်တော်မှာကျတော့ အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးပြီးတော့ ပြန်ပြီးတော့ တာဝန်ပေးအပ်တာဖြစ်ပါတယ်။ အောက်ခြေကိုပြန်ပြီးတော့ တာဝန်ပေးအပ်တဲ့အခါမှာ ဒီပြည်သူ့

လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ လမ်းကြောင်းအတိုင်းပဲ ကျွန်တော့်အနေနဲ့ အပေါ်က အောက်ကိုပြန်ပြီးတာဝန်ပေးအပ်တဲ့အခါမှာ ပိုပြီးတော့ ဒီမိုကရေစီကျအောင် အများဆန္ဒနဲ့လည်း ညီအောင်ဆိုပြီးတော့ နည်းနည်းလေးပြုပြင်ပြီးတော့ ပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒါကတော့ ကြီးကြပ်ရေးအဖွဲ့သည် ဆယ်အိမ်စုအလိုက် ဆယ်အိမ်မှူးများကို အိမ်ထောင်စုကိုယ်စားလှယ်မဲ အဖြစ်လည်းကောင်း ဆယ်အိမ်မှူးကို အိမ်ထောင်စုကိုယ်စားလှယ်မဲနဲ့ ရွေးမယ်။ ကျေးရွာအလိုက် ကျေးရွာတာဝန်ခံများကို ဆယ်အိမ်မှူးမဲအဖြစ်လည်းကောင်း၊ ရာအိမ်မှူးကို ကျွန်တော်က ပယ်ဖျက် ခဲ့တော့ ရာအိမ်မှူးကဏ္ဍကို ကျွန်တော်ထည့်မသွင်းတော့ဘူး။ ဒီမှာ ဒီကျေးရွာ တာဝန်ခံကျတော့ အဲဒီ ဆယ်အိမ်မှူးတွေနဲ့ မဲနဲ့ရွေးမယ်။ ပွင့်လင်းမြင်သာစွာရွေးချယ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမည်စာရင်းပေးပို့ရမည်။ သူတို့ကရွေးပြီးတော့ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးထံကို ပို့ပေးရမယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဒီမိုကရေစီလည်းကျအောင် Top Down ဖြစ်ပေမဲ့ ဒီမိုကရေစီပါဝင်နိုင်အောင် ကျွန်တော့် အနေနဲ့ ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉ ပုဒ်မ ၈ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ သီပေါ မဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကျွန်တော့်ရဲ့ပြင်ဆင်အဆိုပြုချက်ဟာဆိုလို့ရှိရင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးနဲ့ ကျေးရွာ တာဝန်ခံများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအနေနဲ့ တာဝန်ပေးအပ်တဲ့နေရာမှာ အောက်ခြေကနေပြီးတော့ ဒေသခံပြည်သူလူထုရဲ့ ဆန္ဒနဲ့ ရွေးချယ်ခန့်အပ် ပေးနိုင်ဖို့အတွက် ပြင်ဆင်အဆိုပြုရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ပြင်ဆင်အဆိုပြုချက် ဖြစ်တဲ့ ဒီမိုကရေစီလည်းကျတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်အတွင်း ဆယ်အိမ်စုအလိုက် ဆယ်အိမ်မှူးများနှင့် ရာအိမ်စုအလိုက် ရာအိမ်မှူးများကိုလည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာအလိုက် ကျေးရွာတာဝန်ခံများကို သက်ဆိုင်ရာကျေးရွာသားများ၏ ရွေးချယ်မှုဖြင့် တာဝန်ပေး ခန့်အပ်မည်လို့ ပြင်ဆင်အဆိုပြုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉ ပုဒ်မ ၈ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ လားရှိုး မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ပြင်ဆင်တင်ပြချက်အနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီကနေ တင်သွင်းတဲ့စာသားအနေနဲ့ဆိုလို့ရှိရင် ရွေးချယ်တာဝန်ပေးခန့်အပ်ရမည်ဆိုတဲ့ဟာကို ကျွန်တော်က ရွေးချယ်ဆိုတဲ့ စာသားကိုချန်လှပ်ပြီးတော့မှ တာဝန်ပေးခန့်အပ်ရမည်ဆိုတဲ့နေရာမှာ ခန့်အပ်တာဝန်ပေးရမည်လို့ ဒါ ရိုးရိုးပြင်ဆင်ထားတာဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ကတော့ (၁) ရွေးချယ်တာဝန်ပေးခန့်အပ်ရမည်ဆိုတဲ့စကားရပ်ထဲက ရွေးချယ်ဆိုတဲ့စာသားကို ချန်လှပ်ထားခြင်းဟာ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံတွေကို ဒီမိုကရေစီကျင့်စဉ်အရ ရပ်ကွက်ကျေးရွာအုပ်စုအတွင်း နေထိုင်သူတွေကသာ ရွေးချယ်ပေးတာဖြစ်ပြီး အုပ်ချုပ်ရေးမှူးက ရွေးချယ်တာမဟုတ်တဲ့အတွက် ရွေးချယ်ဆိုတဲ့ စကားလုံးကို ချန်လှပ်ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (၂)အနေနဲ့ တာဝန်ပေးခန့်အပ်ဆိုတဲ့ စကားစုကို ပြင်ဆင်လိုတဲ့ရည်ရွယ်ချက်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်အတည်ပြုထားတဲ့ ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ စာသားများအရ ခန့်အပ်တာဝန်ပေးရမည်လို့ ပါရှိပြီးဖြစ်တဲ့အတွက် အဲဒီစကားရပ်များ ရှေ့နောက်တစ်ပြေးညီဖြစ်အောင် ပြင်ဆင်တဲ့အနေနဲ့ ခန့်အပ်တာဝန်ပေးရမည်။ တာဝန်ပေးခန့်အပ်ရမည့်အစား ခန့်အပ်တာဝန်ပေးရမည်လို့ ပြင်ဆင်တင်သွင်းခြင်းပဲဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၈ ပုဒ်မခွဲ(က)(ခ)နှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ထားပြီးဖြစ်သည့်အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၉ ပုဒ်မ ၈ နဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အပေါ် ဥပဒေကြမ်းကော်မတီက ပုဒ်မ ၈ ကို အပိုဒ်(က)နဲ့(ခ) ခွဲ၍ ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍

ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၉ ပုဒ်မ ၈ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပုဒ်မ ၈ ကို အပိုဒ် (က)နှင့် (ခ) ခွဲသည့်ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ပုဒ်မ ၈ ရဲ့ အပိုဒ်(က)ကို မည်သူမျှ ပြင်ဆင်ခြင်းမပြုလုပ်ပါ။ သို့သော် ပုဒ်မ ၈ ပုဒ်မခွဲ(ခ) အပေါ် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်နဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့က ပြင်ဆင်ချက် အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အဲဒီမဲခွဲမှုမှ အနိုင်ရရှိသူနဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းကို ဆက်လက်ပြီး မဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ပေါင်း ၃၄၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၉ ပုဒ်မ ၈ ပုဒ်မခွဲ

(ခ)နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၉ ပုဒ်မ ၈ ပုဒ်မခွဲ (ခ)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိုင်းမောက်ခမ်းရဲ့ ပြင်ဆင်ချက်က အတည် ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၅၀ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၉ ပုဒ်မ ၈ ပုဒ်မခွဲ (ခ) သည်

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု မဲခွဲဆုံးဖြတ်ချက်များအရ အပိုဒ် ၉ ပုဒ်မ ၈ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်သည့် အပိုဒ်ခွဲ(က)နှင့် (ခ)တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ထပ်မံအတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၂ (ခ)၊ ပုဒ်မ ၁၃ (ဆ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီး။ ခေါင်းစဉ်လေးပြန် ပြောပေးပါ။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)။ အဲဒီမှာပြင်ထားတာ ကျွန်တော်လမ်းကြောင်းပေးမယ်။ လုံခြုံရေးအရ လိုအပ်သောဒေသများတွင်ဆိုတဲ့စကားနဲ့စတာ။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဧည့်စာရင်းကိစ္စဖြစ်ပါတယ်။ ဧည့်စာရင်းကတော့ သာမန်အားဖြင့် လက်ရှိအခြေအနေမှာ ဘယ်သူမှမကြိုက်ပါဘူး။ အဲဒါကြောင့် ကျွန်တော်လည်း မကြိုက်တဲ့အထဲမှာပါပါတယ်။ သို့သော်လည်းပဲ နယ်စပ်ဒေသများနှင့် အထူးမြို့ကြီးများမှာလည်း လုံခြုံရေးအရလိုအပ်တာတွေလည်းရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်က ကြားချတဲ့အနေနဲ့ သာမန်အားဖြင့်တော့ ဧည့်စာရင်းစစ်တာတွေမရှိဘူး။ သို့သော် လုံခြုံရေးအရ လိုအပ်တဲ့နေရာတွေမှာ ဧည့်စာရင်းစစ်ဖို့ ကျွန်တော်ထည့်ထားပါတယ်။ ကျွန်တော်တို့ ဧည့်စာရင်းအတွက် မလိုအပ်ဘူးဆိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃ မှာ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရလို့ ပြဋ္ဌာန်းထားတဲ့အတွက် လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကို ထိခိုက်တဲ့အတွက် ဧည့်စာရင်းမစစ်လိုခြင်းဖြစ်ပါတယ်။ ထပ်မံဖြည့်သွင်းလိုတာကတော့ နယ်စပ်လုံခြုံရေးအခြေအနေကြောင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်တွေ့ဧည့်စာရင်းစစ်တဲ့အခါမှာ ရန်ကုန်တို့ဘာတို့မှာစစ်တဲ့အခါကျတော့ တော်တော်လေး ပြည်သူတွေရဲ့ငြိုငြင်မှုကို ခံရပါတယ်။ ဘယ်လိုခံရသလဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ၁၂ နာရီ၊ ၁ နာရီမှာသွားတယ်။ ၁၂ နာရီမကျော်ခင် ဝင်မိတဲ့အတွက် ခင်ဗျားတို့နားမလည်ဘူးလား။ ဧည့်စာရင်းဆိုတာ သန်းခေါင်စာရင်းပဲ။ ၁၂ နာရီကျော်မှစစ်ရတယ်ဆိုတာမျိုးတွေနဲ့ တုံ့ပြန်တာတွေရှိပါတယ်။ အဲဒါ

ကြောင့် ကျွန်တော်တို့ ဒီလိုတင်ရတာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း တကယ်လို့ ဒီအိမ်ကို ဧည့်စာရင်းစစ်ဖို့လိုအပ်တယ်လို့ သံသယဖြစ်ခဲ့ရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မတို့၊ ရဲအက်ဥပဒေတို့၊ ရန်ကုန်ရဲအက်ဥပဒေတို့နဲ့ ဝင်ရောက်စစ်ဆေးနိုင်တဲ့အနေအထားရှိတဲ့အခါကျတော့ ဧည့်စာရင်းကို မဖြစ်မနေထည့်ထားဖို့တော့ မဟုတ်ပါဘူး။ ကျွန်တော် ထည့်ချင်တဲ့အခြေအနေမှာတော့ ခြွင်းချက်အနေနဲ့ထည့်ဖို့ဖြစ်ပါတယ်။ ဥပဒေများမှာ ဘယ်ဥပဒေမှာမဆို ခြွင်းချက်ဆိုတာရှိပါတယ်။ ခြွင်းချက်မပါရင် ဥပဒေမဖြစ်လို့တော့ ကျွန်တော်ဆိုပါတယ်။ ခြွင်းချက်က ဘယ်လိုလဲဆိုတဲ့အခါကျတော့ လုံခြုံရေးအရ လိုအပ်သောဒေသများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အမိန့်ကြော်ငြာစာထုတ်ပြန်ချက်ဖြင့် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းစသည်တို့ကို ထပ်ထည့်ဖို့ဖြစ်ပါတယ်။ ဆိုတော့ ဒီလိုဟာကတော့ ကျွန်တော်တို့ Tradition လို့ခေါ်တဲ့ အရင်တုန်းကအစဉ်အလာလည်း ရှိပါတယ်။ အရင်တုန်းက တိုင်း Commissioner လို့ခေါ်တဲ့ တိုင်းမင်းကြီးတို့က ကိုယ့်တိုင်းအတွင်းမှာ တကယ်လို့ အမိန့်တစ်စုံတစ်ရာ ထုတ်ချင်လို့ရှိရင် အမြဲတမ်းထုတ်မထားဘဲနဲ့ အခါအားလျော်စွာ ပေါ်လာတဲ့အခြေအနေပေါ်မူတည်ပြီးမှထုတ်ပါတယ်။ ဥပမာ ဘယ်အမှုမျိုးကိုဖြင့် သတင်းပို့ရမယ်။ ခွာနာလျှာနာဖြစ်လို့ ဘယ်ဒေသကကျွဲနွားကဖြင့် ဘယ်ဘက်ကိုမကျော်ရဘူးစသည်အားဖြင့် ဒီလို ထုတ်တဲ့အစဉ်အလာတွေရှိခဲ့တဲ့အတွက် ကျွန်တော်တို့ ဒီလိုပြဋ္ဌာန်းချက်မျိုးကို ဗဟိုကတိုက်ရိုက်ထုတ်တာမဟုတ်ဘဲနဲ့ ပြည်နယ်/တိုင်းအစိုးရများကို Empower လုပ်လိုက်တဲ့သဘောမျိုးနဲ့ပေးထားခြင်း ဖြစ်ပါတယ်။ လိုအပ်တဲ့အခါမှာ အာဏာထုတ်ပြီးရင် ဘယ်မြို့နယ်၊ ဘယ်တိုင်း၊ ဘယ်ရပ်ကွက်၊ ကျေးရွာကိုဖြင့် စစ်ဆေးနိုင်တယ်ဆိုတာမျိုး ထည့်လိုက်ရင်တော့ ကြားကျတဲ့အချက်ဖြစ်တဲ့အတွက် အများပြည်သူတွေလက်ခံနိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးကြီးထွန်းမြတ်ရွှေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်အတိုင်းအစားထိုးသင့်ပါကြောင်း တင်ပြဆွေးနွေးမှာ

ဖြစ်ပါတယ်။ တင်ပြဆွေးနွေးခွင့်ပြုတဲ့အတွက်လည်း ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ပိုမိုရှင်းလင်းမြင်သာစေရန်အတွက် Power Point အသုံးပြုခွင့်ပြုဖို့တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)နှင့်ပတ်သက်ပြီးတော့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့အုပ်ချုပ်ရေးရာတာဝန်၊ ဝတ္တရား ဒီအချက်သုံးချက်အပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကို အနိုင်ရပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ ဥက္ကဋ္ဌကြီးရဲ့အဆိုပြုချက်၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ထောက်ခံချက်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားတာဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူတွေ၊ အတွေ့အကြုံရှိတဲ့သူတွေ ပါဝင်ကြောင်းသိရှိရပါတယ်။ ကော်မတီအနေနဲ့ နည်းဥပဒေ ၅၉ အရ ဥပဒေကြမ်းကိုအခြေခံစိစစ်ပြီး နည်းဥပဒေ ၆၉ အရ လွှတ်တော်သို့အစီရင်ခံစာတင်သွင်းခဲ့ခြင်းဖြစ်တာကြောင့် တင်ပြချက်များဟာ ဥပဒေကြမ်းအရရော၊ ဥပဒေကြောင်းအရရော ပကတိအခြေအနေအရရော ကိုက်ညီမှာဖြစ်ကြောင်းယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေဟာ ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်ပါတယ်။ အခန်း(၁၅)ခန်း၊ ပုဒ်မ ၃၇ ခု၊ ပုဒ်မခွဲ ၁၁၂ ခုပါဝင်တာဖြစ်ပါတယ်။ ခုဒုတိယအကြိမ် ပြင်ဆင်တဲ့ဟာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကာလမှာ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပထမလွှတ်တော်ကာလတုန်းကတော့ အခန်း(၄)နှင့် အခန်း(၁၁) နှစ်ခုကိုပဲ အနည်းငယ်ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ အခုဒုတိယအကြိမ် ပြင်ဆင်မယ့်ဟာမှာတော့ အခန်း(၂)နှင့် အခန်း(၅)မှလွဲပြီး ကျန်အခန်းတွေအားလုံးကို ပြင်ဆင်ဖို့အတွက် ဆောင်ရွက်တာတွေ့ရှိရပါတယ်။ အဆိုပါ ဥပဒေကို အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီက တတိယအကြိမ် ပြင်ဆင်ရန် အဆိုပြုပြဋ္ဌာန်းခဲ့တာဖြစ်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးအပါအဝင် ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ကြောင်း သိရှိရပါတယ်။ အမျိုးသားလွှတ်တော်မှာဆွေးနွေးစဉ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၇ တို့ကို ပယ်ဖျက်ရန်မသင့်ပါကြောင်း ဖွဲ့စည်းပုံ

အခြေခံဥပဒေပါအကိုးအကားများအပြင် နိုင်ငံတကာအိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံအတွင်းဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်များအပေါ်မှာ အခြေပြုပြီး လုံခြုံရေးရှုထောင့်မှ ဆွေးနွေးခဲ့ကြောင်း၊ သို့ရာတွင် အမျိုးသားလွှတ်တော်က လုံခြုံရေးရှုထောင့်ကိုမျက်ကွယ်ပြုကာ အများဆန္ဒမဲဖြင့် ပယ်ဖျက်ရန်အတည်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်ပြပါ အခန်း ၁၀ ခန်းပါ ပုဒ်မခွဲအချက်ကို ပြင်ဆင်ရန်အစီရင်ခံထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ အခန်း(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များအပိုင်းမှာ ဥပဒေပုဒ်မတစ်ခု၊ ပုဒ်မခွဲ ၃၂ ခုပါဝင်ပါတယ်။ တင်ပြပါ ဥပဒေပုဒ်မ၊ ပုဒ်မခွဲတွေကို ပြင်ဆင်ရန်အစီရင်ခံထားကြောင်းတွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော်က အများစုမဲနဲ့ပယ်ဖျက်ခဲ့တဲ့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မ ၁၇ တို့ကို ပယ်ဖျက်ခြင်းမပြုဘဲ အစားထိုးပြင်ဆင်ရန်တင်ပြထားကြောင်း တွေ့ရှိရပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ) အခြားရပ်ကွက် သို့မဟုတ် ရပ်ကွက်ကျေးရွာအုပ်စုမှ ညအိပ်ညနေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် တမင်ပျက်ကွက်လျှင် အရေးယူခြင်းလို့ အစားထိုးရန် အစီရင်ခံထားကြောင်း တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ အုပ်ချုပ်ရေးနှင့်လုံခြုံရေးအတွက် ပကတိအခြေအနေအရ အမှန်တကယ်လိုအပ်လို့ ထည့်သွင်းထားခြင်းဖြစ်တယ်လို့ သုံးသပ်ရရှိပါတယ်။ အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များမှာပါဝင်တဲ့ တင်ပြပါပုဒ်မခွဲ ၁၇ ခုအား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုအတွက်ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များဖြစ်ကြောင်း၊ ပုဒ်မခွဲတစ်ခုနှင့်တစ်ခုဆက်နွှယ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ မှာ နိုင်ငံတော်ရဲ့ဖွဲ့စည်းတည်ဆောက်ပုံနှင့် အုပ်ချုပ်ရေးယန္တရားဟာ ကျေးရွာအုပ်စုနှင့်ရပ်ကွက်များကို အခြေခံဖွဲ့စည်းကြောင်း ပြဋ္ဌာန်းထားချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများဟာ နိုင်ငံတော်ရဲ့အခြေခံအကျဆုံးယူနစ်ဖြစ်သလို အုပ်ချုပ်ရေးမှူးများနှင့် ၎င်းတို့ရဲ့လုပ်ငန်းတာဝန်များဟာ အုပ်ချုပ်ရေးစနစ်ရဲ့အခြေခံအကျဆုံး ယူနစ်တစ်ခုဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ရပ်ကွက်တစ်ခုနှင့်တစ်ခု၊ ကျေးရွာအုပ်စုတစ်ခုနှင့်တစ်ခု တင်ပြပါကွာခြားချက်တွေကြောင့် အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာရော၊ လုပ်ငန်း

တာဝန်များကိုဆောင်ရွက်ရာမှာရော ကွာခြားချက်တွေအများကြီးရှိနိုင်ပါတယ်။ အခန်း(၁၀) နေထိုင်သူများရဲ့အခွင့်အရေးများ ပုဒ်မ ၂၄ အရ အုပ်ချုပ်ရေးမှူးဟာ နေထိုင်သူများရဲ့နေအိမ်ဥပစာလုံခြုံမှုနှင့် ပစ္စည်းလုံခြုံမှုအခွင့်အရေးကို စောင့်ရှောက်ပေးရမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ ကြုံတွေ့လာနိုင်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ခြိမ်းခြောက်လာနိုင်မှုတွေကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ တရားမဝင် လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများကိုင်ဆောင်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုတွေဟာ လူတွေကို အစုလိုက်၊ အပြုံလိုက်သေစေနိုင်တဲ့ အဖျက်အမှောက်နှင့် အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဖြစ်စေပါတယ်။ တရားမဝင်လက်နက်ခဲယမ်း ဖမ်းဆီးရမိမှုဖြစ်စဉ်အချို့ကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုံခြုံမှုဆိုတဲ့နေရာမှာ အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ အဖွဲ့အစည်းတွေအပြင် ပြည်သူတစ်ရပ်လုံးရဲ့လုံခြုံရေးအသိ၊ သတိနဲ့ အမျိုးသားရေးအသွင်နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုက မရှိမဖြစ် အမှန်တကယ်လိုအပ်တာဖြစ်ပါတယ်။ လုံခြုံမှုဆိုတာမှာ ဖြစ်မှလုပ်ရတာ မဟုတ်ပါဘူး။ ဖြစ်နိုင်ချေရှိတဲ့ခြိမ်းခြောက်မှုတွေကို ကြိုတင်စီမံဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် ဆောင်ရွက်ရာမှာလည်း ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ ပါဝင်တဲ့အခြေခံနယ်မြေတွေကို အဖြူရောင်၊ အညိုရောင်၊ အနက်ရောင် အရောင်သုံးရောင်ခွဲခြား သတ်မှတ်ဆောင်ရွက်ရတာရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်တာဝန်ပေးရာမှာ အုပ်ချုပ်ရေးမှူးများဟာ ဥပဒေပါလုပ်ငန်းများကို အလွဲသုံးစားမလုပ်ဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် သင့်လျော်တဲ့အုပ်ချုပ်ရေးမှူးတွေဖြစ်ဖို့အတွက် တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ အခန်း(၁)၊ အခန်း(၃)၊ အခန်း(၄)တို့ကို ပြင်ဆင်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့တဲ့အပြင် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာလည်း ကျင့်သုံးဖို့ အခန်း(၆) လုပ်ငန်းအခြေခံမူတွေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လူထုရဲ့ဆန္ဒမဲနဲ့ ပြည်သူလူထုတွေကပဲ ရွေးချယ်ထားတဲ့အုပ်ချုပ်ရေးမှူးများဟာ အခန်း(၁၀) နေထိုင်သူများရဲ့အခွင့်အရေးများကို ဆောင်ရွက်ပေးနိုင်ဖို့၊ အခန်း(၆) လုပ်ငန်းအခြေခံမူများနှင့်အညီ ဆောင်ရွက်မယ်။ အခန်း(၅) လိုက်နာစောင့်ထိန်းရမယ့်ကျင့်ဝတ်များနှင့်အညီ ကျင့်သုံးဆောင်ရွက်မယ်ဆိုလို့ရှိရင် ဥပဒေအရ သတ်မှတ်ပေးထားတဲ့ လုပ်ငန်းတာဝန်များအပေါ်မှာ အလွဲသုံးစားမှုတွေ လျော့နည်းသွားမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကိုလည်း များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းကို ဥပဒေကြောင်းအရရော၊ ပကတိအခြေအနေအရရော ကိုက်ညီစေရန် စိစစ်ပြီး နည်းဥပဒေနှင့်အညီ အစီရင်ခံစာတင်သွင်းခဲ့ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ပကတိအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲတင်ပြခဲ့ခြင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်နိုင်ရေးအတွက် အခြေခံအကျဆုံးယူနစ်ဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးရဲ့ အခန်းကဏ္ဍမှာ မရှိမဖြစ်လိုအပ်ခြင်းတို့ကြောင့် အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များအပိုင်းမှာ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်ရန်အတည်ပြုခဲ့သော်လည်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစားထိုးထည့်သွင်းပြဋ္ဌာန်းရန် တင်ပြခြင်းဟာ လျော်ကန်သင့်မြတ်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂ (ခ) ပုဒ်မ ၁၃(ဆ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ တနင်္သာရီမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ထွန်း(တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃(ဆ)မှာပါတဲ့ ဧည့်စာရင်းတိုင်ကြားခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းနှင့်ပတ်သက်တဲ့ ဥပဒေပုဒ်မကို ပယ်ဖျက်ဖို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကို အမျိုးသားလွှတ်တော်အတိုင်း ပယ်ဖျက်ဖို့၊ ဆွေးနွေးဖို့ စာရင်းတင်ထားတာ ၁၄ ဦးရှိပါတယ်။ သူတို့ကတော့ ဦးရည်မွန် (ခ) မောင်တင်သစ်(ပုဗ္ဗသီရိ)၊ ဦးလှထွန်းအောင်(မလှိုင်)၊ ဦးကျော်ဌေး(လေရှီး)၊ ဦးလွင်ကိုလတ်(သန်လျင်)၊ ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်)၊ ဦးဘိုဘိုဦး (စမ်းချောင်း)၊ ဦးအောင်ကျော်ကျော်ဦး(လှိုင်)၊ ဦးထွန်းဝေ(ဖောင်းပြင်)၊ ဦးမြင့်ဦး(သနပ်ပင်)၊ ဦးဖြိုးဇေယျာသော် (ခ)ဇေယျာသော်(ဇမ္ဗူသီရိ)၊ ဦးကံမြင့်(သရက်)၊ ဦးမြင့်သိန်း(ဝက်လက်)၊ ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)]နှင့် ကျွန်တော်တို့ပဲ ဖြစ်ပါတယ်။ ၎င်းတို့ကိုယ်စား ကျွန်တော်က ဆွေးနွေးသွားမှာဖြစ်တယ်။ ကျွန်တော် ဒီဥပဒေကို ဘာကြောင့်မို့ ပယ်ဖျက်ချင်တာလဲဆိုတော့ ကျွန်တော်တို့တိုင်းပြည်က အခုဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လမ်းနေတဲ့အချိန်မှာ အဲဒီအချိန်မှာ Democratic မဆန်တဲ့ ဥပဒေတွေကို ဖျက်သိမ်းသင့်ပြီလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ Globalization ခေတ်ကြီးမှာ ကျွန်တော်တို့ နိုင်ငံသားတွေ စင်ကာပူလိုနိုင်ငံမျိုးတောင်မှ

ဗီဇာမလိုဘဲနဲ့ သွားလို့ရတော့မယ့်အချိန်မှာ ကျွန်တော်တို့က တစ်ရပ်ကွက်နဲ့တစ်ရပ်ကွက်၊ တစ်ရွာနဲ့ တစ်ရွာကို ဧည့်စာရင်းတိုင်ကြားရမယ်ဆိုတာ အဓိပ္ပာယ်သိပ်မရှိတဲ့ ဥပဒေလို့ ကျွန်တော်ထင်ပါတယ်။ သာရေး၊ နာရေးရှိလို့ ဟိုဘက်အိမ်၊ ဟိုဘက်ရွာ သွားအိပ်ရင်တောင်မှ ကျွန်တော်တို့မှာ အပြစ်ရှိနေပါ တယ်။ ကိုယ့်ဖခင်အရင်း အိမ်လာအိပ်ရင်တောင်မှ ကျွန်တော်တို့က အပြစ်ကျူးလွန်သူဖြစ်နေပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ သူတို့အိမ်ရဲ့ ဥပစာအတွင်းကို ရှာဖွေရမယ့်ရဲအရာရှိတစ်ယောက် တောင်မှ ရှာဖွေဝရမ်းမပါဘဲနဲ့ ရှာလို့မရပါဘူး။ အဲဒီဥပဒေရှိရဲ့သားနဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူး အဆင့်တစ်ယောက်က ကျွန်တော်တို့အိမ်ပေါ်ကို ညအချိန်မတော်မှာ တက်ရောက်ရှာဖွေခွင့်ပေးထား တာဟာ မတရားတဲ့ဥပဒေလို့ ကျွန်တော်ထင်ပါတယ်။ ဒါကို အချို့ကတော့ ပြည်သူလူထုရဲ့အသက်၊ အိုးအိမ်စည်းအိမ်လုံခြုံဖို့အတွက် ဒီဥပဒေကိုပြဋ္ဌာန်းဖို့ တိမ်းညွှတ်ကောင်း တိမ်းညွှတ်ကြပါမယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ဒီလုံခြုံရေးအတွက် ဥပဒေကို ပြဋ္ဌာန်းတာဟာ ဒီဥပဒေက အဓိက အချက်မဟုတ်ဘူး။ အရေးမကြီးတဲ့အချက်၊ သေးမွှားတဲ့အချက်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော့် အနေနဲ့ ဧည့်စာရင်းတိုင်လို့ ပြည်သူလူထုရဲ့ဘဝတွေ လုံခြုံမယ်လို့ ကျွန်တော် အကြွင်းမဲ့မယုံကြည် ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဧည့်စာရင်းတိုင်ကြားလို့ လူဆိုး၊ သူခိုး၊ ဝရမ်းပြေးတွေ ဖမ်းမိတယ်ဆိုတာ မရှိအောင်ရှားပါတယ်။ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူတွေလည်း ဧည့်စာရင်း တိုင်ကြလို့ ကျွန်တော်တို့ ဖမ်းမိတယ်ဆိုတာ မရှိသလောက်ရှားမယ်ထင်ပါတယ်။ တစ်ခါ လူဆိုး၊ သူခိုး၊ ဝရမ်းပြေးကလည်း ဧည့်စာရင်းတိုင်မှာ မဟုတ်ပါဘူး။ ဧည့်စာရင်းစစ်မယ်လို့ကြားတာနဲ့တစ်ပြိုင်တည်း သူတို့က ရှောင်ပြီးသားပါ။ လူကောင်း၊ သူကောင်းတွေပဲ ဧည့်စာရင်းတိုင်မှာပါ။ ဒီဥပဒေပြဋ္ဌာန်း မယ်ဆိုရင် လူကောင်း၊ သူကောင်းတွေအတွက်ပဲ ဒုက္ခဖြစ်စေတဲ့ဥပဒေလို့ ကျွန်တော် ထင်ပါတယ်။ အရင်ခေတ်ကတော့ အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေဟာ ဒီဥပဒေတွေနဲ့ပဲ ညအချိန်မတော် သန်းခေါင်သန်းလွဲမှာ အိမ်ပေါ်တက်ပြီးတော့ နောက်ဆုံး ခြင်ထောင်လှန်ပြီးတော့ ဖမ်းခံရတဲ့ အဆင့်မျိုးကို ကြုံခဲ့ရပါတယ်။ ဒါတွေ ကိုယ်စားလှယ်ကြီးများ နားလည်စေချင်ပါတယ်။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ ဘယ်ဥပဒေမှ မပြည့်စုံဘူးဆိုတာ ကျွန်တော် ခံယူပါတယ်။ အားသာချက်၊ အားနည်းချက်တွေ ရှိကောင်းရှိပါတယ်။ ဒါပေမဲ့ ဧည့်စာရင်းတိုင်ကြားခြင်းဥပဒေသည် ကောင်းကျိုး ထက်ဆိုးကျိုးက များနေတဲ့အတွက် ပယ်ဖျက်သင့်တယ်လို့ ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ်။ ပယ်ဖျက်ဖို့လည်း လွှတ်တော်ကြီးကို ကျွန်တော် တိုက်တွန်းပါတယ်။ ဒါပေမဲ့ ဒါ ပယ်ဖျက်လိုက်လို့လည်း ကိုယ်စားလှယ်ကြီးများ မစိုးရိမ်ကြပါနဲ့။ ရပ်ကွက်အုပ်ချုပ်ရေးဥပဒေ ၁၃(ဇ)မှာ ပါပါတယ်။ အဲဒါ

မဖျက်ပါဘူး။ အဲဒါဘာလဲဆိုတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်း နေထိုင်သူမဟုတ်သော မသင်္ကာဖွယ် သူစိမ်းတွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့် တစ်ပြေးညီ အစီရင်ခံရမယ်လို့ ဒီဥပဒေမှာပါပါတယ်။ အဲဒီတော့ ရပ်ကွက် အုပ်ချုပ်ရေးမှူးဟာ ဧည့်စာရင်းမစစ်ခွင့်မရှိဦးတောင်မှ အဲဒီဥပဒေက မသင်္ကာဘူးဆိုရင် ကျွန်တော်တို့ သတင်းပို့ခွင့်ရှိပါတယ်။ ဒါဆို လုံလောက်ပါတယ်။

နောက်တစ်ခု ကျွန်တော် ပြောချင်တာက ကျွန်တော် ဒါကို ပယ်ဖျက်ထားသော်ငြားလည်း ပုဒ်မ ၁၇ မှာ ထပ်ထည့်ထားပါတယ်။ အဲဒါဘာလဲဆိုတော့ စာမျက်နှာ ၄၀ ပုဒ်မ ၁၇ မှာ ထပ်ထည့်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအပိုဒ်ကိုပဲ ဆွေးနွေးပါ။ မရောက်သေးတဲ့အပိုဒ်ကို ကျော်ပြီးမဆွေးနွေးပါနဲ့။ ဒီအပိုဒ်ကိုပဲ ဆွေးနွေးပါ။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ အဲဒီတော့ ကျွန်တော် ဆက်ပြီးတော့ ဆွေးနွေးချင်တာက နယ်စပ်ဒေသလုံခြုံရေးအတွက် ဧည့်စာရင်းပြဋ္ဌာန်းမယ်ဆိုရင် ကျွန်တော် မေးချင်ပါတယ်။ အရင်တုန်းက ဧည့်စာရင်းရှိခဲ့တယ်။ နယ်စပ်ဒေသအတွက် န.စ.က လို အဖွဲ့အစည်းတွေရှိခဲ့တယ်။ နယ်စပ်ဒေသလုံခြုံခဲ့သလားဆိုတာ ကျွန်တော် မေးခွန်းထုတ်ချင်ပါတယ်။ အခုလည်း ဧည့်စာရင်းရှိတုန်းပါမဖျက်သေးပါဘူး။ န.စ.က မရှိဦးတောင်မှ သူနဲ့သဏ္ဍာန်တူတဲ့ အဖွဲ့အစည်းတွေရှိပါသေး တယ်။ နယ်စပ်ဒေသတွေ လုံခြုံပြီလားဆိုတာ ကျွန်တော် မေးခွန်းထုတ်ချင်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ဘဝတွေ၊ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံဖို့အတွက်ကတော့ တရားဥပဒေစိုးမိုးမှု Rule of Law ပါပဲ။ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုရင်တော့ ဘာဥပဒေပြဋ္ဌာန်း ပြဋ္ဌာန်း၊ ကျွန်တော်တို့ဘဝတွေဟာ မလုံခြုံဘူးဆိုတာ အတိတ်ကသင်ခန်းစာတွေ ရှိမယ်ဆိုတာ ကိုယ်စားလှယ်ကြီးများ နားလည်မယ်ထင်ပါတယ်။ ကျွန်တော် ကိုယ်စားလှယ်ကြီးများကို သတိရစေချင်တာက ကျွန်တော်တို့ လွှတ်တော်ထဲ ရောက်လာတာဟာ ပြည်သူလူထုအတွက် မတရားတဲ့၊ အကျိုးမရှိတဲ့ဥပဒေတွေကို ဖျက်သိမ်းဖို့ရောက်လာပါတယ်။ တရားမျှတတဲ့ဥပဒေတွေကို ပြဋ္ဌာန်းဖို့ရောက်လာပါတယ်။ ဒါကြောင့်မို့လည်း ပထမအကြိမ် ပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်တဲ့ဥပဒေတွေကို ဖျက်သိမ်းပြီးပြီ။ ဒုတိယပုံမှန်အစည်း အဝေးမှာလည်း ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ဖျက်သိမ်းပြီးပြီ။

အမျိုးသားလွှတ်တော်က လည်း ဒါကို ဖျက်သိမ်းပြီးပြီ။ ကျွန်တော်တို့ ဒါကို ကျွန်တော်တို့လွှတ်တော်က ပြဋ္ဌာန်းဖို့၊ အသက်သွင်းဖို့ ကြိုးစားမယ်ဆိုရင် မဖြစ်သင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဆင်ကောင်ကြီး အမြီးကြမှတစ်နေမလားလို့ ကျွန်တော် မေးချင်ပါတယ်။

နောက်ပြီး ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဃ)နဲ့ ပုဒ်မ ၃၅၃ မှာလည်းပါပါ တယ်။ ကျွန်တော် အကျဉ်းပဲပြောပါ့မယ်။ အဲဒီနှစ်ခုလုံးသည် နိုင်ငံသားတွေရဲ့လွတ်လပ်ခွင့်ကို ကျွန်တော်တို့ မဆုံးရှုံးအောင် ခိုင်မာပြည့်စုံစေဖို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီဥပဒေရှိရဲ့သားနဲ့ ကျွန်တော်တို့က ဒီဧည့်စာရင်းကို တိုင်လိုက်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(ဃ)၊ ၃၅၃ နဲ့ ရှေ့နောက်မညီ ဖြစ်သွားပါမယ်။ နောက်တစ်ခါ ကျွန်တော်တို့ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာ စာတမ်း အပိုဒ် ၁၃ မှာလည်း ပါပါတယ်။ လူတိုင်းလူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်များ အတွင်း လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ခွင့်၊ အခြေချခွင့်ရှိသည်။ ပါပါတယ်။ တစ်ခါ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့မှာကျင်းပခဲ့တဲ့ မြန်မာနိုင်ငံအပါအဝင် လက်မှတ်ရေးထိုးခဲ့တဲ့ အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းမှာလည်း ပုဒ်မ ၁၅ မှာလည်း ဒီဥပဒေပါပါတယ်။ ကျွန်တော်တို့က နိုင်ငံသားတစ်ယောက်ရဲ့ မွေးရာပါအခွင့်အရေးကို လွတ်လပ်စွာ ရှင်သန်နေထိုင်ခွင့်ကို ကန့်သတ်မယ်ဆိုရင် ကျွန်တော်တို့က ဒီဥပဒေပုဒ်မတွေကို ကျွန်တော်တို့က ချိုးဖောက်နေတာကျပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီဥပဒေကို ပယ်ဖျက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့တော့ ထင်လို့ ကျွန်တော် ဝင်ရောက်ဆွေးနွေးပြီးတော့ ပယ်ဖျက်ဖို့ ကျွန်တော် တိုက်တွန်းတာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောချင်တာက ကျွန်တော်တို့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒဆိုတဲ့အတိုင်းပဲ ပြည်သူ့အသံကို နားထောင်မယ်။ ပြည်သူ့ဆန္ဒကိုလေးစား မယ်ဆိုရင်တော့ ကိုယ်စားလှယ်ကြီးများအားလုံး ဒီဥပဒေကို ပယ်ဖျက်ဖို့ အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တချို့မြို့တွေမှာဆိုလို့ရှိရင် အိမ်ရှင်မြို့သူမြို့သားတွေ နည်းပြီးတော့ ဧည့်သည်မြို့သူမြို့သားများနေတဲ့မြို့တွေရှိနေပါတယ်။ ထိုမြို့များတွင် ဘေးအန္တရာယ်

တစ်ခုခုကျရောက်လာပါက အကာအကွယ်ပေးရန်နဲ့ အကူအညီပေးရန်အတွက် နေထိုင်သူများ၏ စာရင်းဇယားများ လိုအပ်ပါတယ်။ ယခုအချိန်မှာ ဧည့်စာရင်းတစ်ခုသာ စာရင်းဇယား ရနိုင်ဖွယ်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဧည့်စာရင်းတိုင်ကြားရန် ထည့်သွင်းရခြင်းဖြစ်ပါတယ်။ ယခင် အချိန်ကာလက ဧည့်စာရင်းကို အလွဲသုံးနေတယ်ဆိုတာ ကျွန်ုပ်တို့အနေဖြင့် သိနေပါတယ်။ ကျွန်ုပ် ကိုယ်တိုင်လည်း ကျွန်ုပ်မိသားစုပင်လျှင် မိမိအိမ်မှာနေပါလျက်နဲ့ ဧည့်စာရင်းအမှုဖြင့် အချုပ်နဲ့ထောင် များပင် ကျခံခဲ့ရဘူးပါတယ်။ ဧည့်စာရင်းနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးရန်တင်ပြထားသော လွှတ်တော် ကိုယ်စားလှယ် ၁၃ ဦးအစား ဦးမြင့်ထွန်း၏ ဆွေးနွေးချက်နဲ့ ဆွေးနွေးရန်တင်ပြထားသော ကန့်လန့်ဖြတ်ဇယား၏ပုဒ်မ ၁၇ အား လေ့လာကြည့်မယ်ဆိုလို့ရှိရင် တစ်လနှင့်အထက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများကို အုပ်ချုပ်ရေးမှူးထံ စာရင်းပေးသွင်းတင်ပြထား သည်ကိုဆိုသည့်အချက်ကို တွေ့ရှိရသဖြင့် ဥပဒေကြမ်းကော်မတီအနေဖြင့် ဧည့်စာရင်းတိုင်ကြား ခြင်းကို ပယ်ဖျက်သင့်သည်ဖြစ်ပါတယ်။ ဦးမြင့်ထွန်းတင်သွင်းသော အဆိုပြုထားခြင်းကိုလည်း လက်ခံပါကြောင်းနဲ့ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ ကျွန်တော်တို့ တင်သွင်းထားတဲ့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ) ဧည့်စာရင်းတိုင်ကြားခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဒီကနေ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ မှာပါဝင်တဲ့ ဒီပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)မှာပါတဲ့ ဧည့်စာရင်းစစ်ဆေးခြင်း၊ ရပ်ကွက်နေပြည်သူများရဲ့ တာဝန် ဝတ္တရားများမှာပါဝင်တဲ့ ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စများနှင့်ပတ်သက်ပြီး လူဝင်လူထွက်မှတ်တမ်း တင်ခြင်း စနစ်တစ်ခုဖြစ်ပေမယ့်လည်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးကိစ္စများကိုသာ ရှေးရှုထားတဲ့စနစ် မဟုတ်ဘဲနဲ့ နိုင်ငံတော်လုံခြုံရေးတစ်ခုလုံးအတွက်ပါ အခြေခံကျတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံတော်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ လုံခြုံ ရေးဆိုင်ရာခြိမ်းခြောက်မှုတွေဟာ သမားရိုးကျလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေမဟုတ်ဘဲနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများစွာဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အတွက် သမားရိုးကျမဟုတ်သောလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတွေကို အမှန်တကယ် လက်တွေ့ ကိုင်တွယ်ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ဟာ အခြေခံကျတဲ့ ကိန်းဂဏန်းအချက်အလက် စာရင်း

ဇယားရရှိရေးဟာ အဓိကကျတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလဒေသတွင်းမှာ နေထိုင်ကြတဲ့ ဒေသဆိုင်ရာလူဦးရေစာရင်းများ အတိအကျရရှိရေးဟာ အရေးကြီးသလို ဒေသတွင်း ပြောင်းရွှေ့သွားလာနေထိုင်ကြတဲ့ စာရင်းဇယားများ အချိန်နှင့်တစ်ပြေးညီရရှိရေးဟာလည်း နိုင်ငံတော် လုံခြုံရေးအတွက် အရေးကြီးတဲ့အချက်တစ်ချက်လို့ အလေးအနက်ထားပြီး ပြောလိုပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့အချက်မှာပါရှိခဲ့တဲ့ ဒေသတွင်းနိုင်ငံတွေမှာ တချို့နိုင်ငံ တွေအနေနဲ့ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲနဲ့ လွတ်လပ်စွာ သွားလာနိုင်တာမှန်သော်လည်းပဲ ၎င်းတို့နိုင်ငံ အတွင်းကို ဝင်ရောက်တော့မယ်ဆိုရင်တော့ သက်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို အသေး စိတ်စစ်ဆေးစာရင်းအတည်ပြုရပြီးမှ သက်ဆိုင်ရာနိုင်ငံအတွင်းကို ဝင်ထွက်ခွင့်ကို ရရှိတာကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့နိုင်ငံအတွင်းမှာလည်း ဒီကနေ့ရင်ဆိုင်နေရတဲ့ Globalization စနစ်အရ ပြောင်းလဲလာတဲ့ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ Cyber Crime ကဲ့သို့သော ဥပဒေ ချိုးဖောက်မှုဖြစ်စဉ်ဖြစ်ရပ်တွေဟာလည်း လုံခြုံရေးကို ဆန်းပြားတဲ့နည်းလမ်းတွေနဲ့ ခြိမ်းခြောက်လာတဲ့ လုပ်ငန်းစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကနေ့ ကျွန်တော်တို့ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှု တွေကို အမှန်တကယ် လက်တွေ့ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ဟာ ဒေသအတွင်း အခြေခံကျတဲ့ ဧည့်စာရင်းစစ်ဆေးခြင်းကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များ အတိအကျရရှိရေးဟာ အဓိက ကျတဲ့အချက်တစ်ချက်ဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားလိုပါတယ်။ ဒီလိုဧည့်စာရင်းစစ်ဆေး မှုတွေမှာ အားနည်းချက်များ ဖြစ်ပေါ်ခဲ့တာမှန်သော်လည်းပဲ ဒီလိုဖြစ်ပေါ်ခဲ့ခြင်းဟာ ဥပဒေရဲ့အမှား မဟုတ်ဘဲနဲ့ ဥပဒေကို ကိုင်တွယ်ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာအားနည်းချက်တွေကြောင့်လို့ပဲ ယူဆစေလိုကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီလိုပြဿနာ ချက်တွေကို ပယ်ဖျက်လိုက်မယ်ဆိုရင် ဒီကနေ့ကမ္ဘာတစ်လွှားမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်သမား များရဲ့ တိုက်ခိုက်မှုအန္တရာယ်ဟာလည်း စိန်ခေါ်မှုတစ်ခုကနေ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ပြောင်းလဲ လာနေပြီဖြစ်ကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။ ဒါ့အပြင် မြေပေါ်မြေအောက် အဖျက် သမားများ၊ ပြည်ပနိုင်ငံများမှ ကျူးကျော်ဝင်ရောက်လိုသူများကိုလည်း မည်ကဲ့သို့သော ဟန့်တားမှု မျိုးမှမရှိတော့တဲ့အတွက် နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာ မှာလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အားနည်းသွားမှာ ဖြစ်တဲ့အပြင် နိုင်ငံတော်ရဲ့ လုံခြုံရေး ဟာလည်း လျော့ရဲသွားနိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဧည့်စာရင်း

စစ်ဆေးခြင်းဟာ ပြစ်မှုဆိုင်ရာကိစ္စများအတွက် အမှုကွင်းဆက်ဆက်စပ်ဖော်ထုတ်ရာမှာလည်း များစွာ အထောက်အကူပြုသကဲ့သို့ ရပ်ရွာ သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့အခါမှာလည်း တိကျစွာပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လုပ်ငန်းစဉ်အတိုင်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဧည့်စာရင်းစစ်ဆေး ခြင်းဥပဒေပြဋ္ဌာန်းချက်ဟာ ဥပဒေကို ကိုင်တွယ်ကျင့်သုံးတဲ့ သက်ဆိုင်ရာဌာနများရဲ့လုံခြုံရေးအတွက် အဓိကဆောင်ရွက်ခြင်းမဟုတ်ဘဲနဲ့ ၎င်းဌာနများက အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လုံခြုံရေးအတွက် အဓိကထားဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ မိမိတို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံတော်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတွေကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိတဲ့အခါမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့လုံခြုံရေးနှင့် အေးချမ်းသာယာရေးတို့ကို အထောက်အကူဖြစ်စေတဲ့ ဤဥပဒေကို ပယ်ဖျက်လိုက်မယ်ဆိုရင် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုကနေ ခြိမ်းခြောက်မှုအသွင် ပြောင်းလဲလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ တင်ပြပါ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ပါ ပြဋ္ဌာန်းချက် နှင့်ပတ်သက်ပြီး မူလဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်၊ အဆိုပြုချက်အပေါ်မှာ ဆက်လက်ထား ရှိသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်းပြီး တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းသဘောတူကြောင်းဆွေးနွေးမှုအပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်ချိန်က အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြင်ဆင်ချက် အဆိုတင်ပြခဲ့သော်လည်း ယခုအခါ ဦးမြင့်ထွန်းရဲ့တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ သို့သော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေက ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်ကို ထောက်ခံကာ ပေါက်တော်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့်ပထမဦးစွာ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခု ပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ သဘောတူသော ဥပဒေကြမ်းကော်မတီရဲ့မူလအစီရင်ခံစာပြင်ဆင်ချက်ကို

မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူအနက် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယခု အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲ ပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာ ပါပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၂၃၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၅၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နဲ့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ဇံရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၂၂၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၅၂ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) ပုဒ်မ

၁၃ ပုဒ်မခွဲ(ဆ)သည် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နား ပါမယ်။

**အချိန်၊ ၁၄း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၅း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၂ (ဂ) ပုဒ်မ ၁၃(ည) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ကိုဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုဟာ ပုဒ်မ ၁၃ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးရ မည်။ ပုဒ်မခွဲ(ည) အများပြည်သူနဲ့သက်ဆိုင်သည့် ဖျော်ဖြေမှုအပန်းဖြေအနားယူမှုများ တည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသို့ တင်ပြခြင်း ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက်မလိုက်နာလျှင်ဖြစ်စေ အရေးယူရန် အကြောင်း ကြားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ပထမပြဋ္ဌာန်းချက်မှာ သက်ဆိုင်ရာလို့ပဲပါတဲ့အတွက်ကြောင့်မို့လို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ပတ်သက်ပြီးတော့ မြို့နယ်အနေနဲ့ တိုက်ရိုက်သိရှိဖို့လိုတာဖြစ်ပါတယ်။ ပြောရမယ်ဆိုလို့ရှိရင် အုပ်ချုပ်ရေးဌာနအနေနဲ့ အုပ်ချုပ်ရေးမှူးအားလုံးဟာ ဒီမြို့နယ်အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်တာဝန်ခံရမှာဖြစ်ပါတယ်။

ဒီတာဝန်ခံမှုကို တိကျရှင်းလင်းစွာပေါ်လွင်စေမှုနဲ့ နောက်ပြီးတော့ အဓိကအားဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ မြို့နှင့်ဝေးကွာတဲ့ အနေအထားမှာ ဒီလိုရှင်းလင်းတိကျတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကို ရှင်းရှင်းလင်းလင်းသေသေချာချာမပြဋ္ဌာန်းထားဘူးဆိုလို့ရှိရင် အုပ်ချုပ်ရေးမှူးများ ကနေပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးထံမှာ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းနှင့် ပတ်သက်ပြီးတော့ အားနည်းချက်၊ လိုအပ်ချက်တွေရှိလာနိုင်တဲ့အတွက်ကြောင့်မို့လို့ ပြင်ဆင်တင်ပြရ ခြင်းဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော့်ရဲ့ပြင်ဆင်တင်ပြချက်အဆိုဟာ နမ္မတူမဲဆန္ဒနယ် ဒေါ်နန်းခမ်းအေးရဲ့ ပြင်ဆင်ချက်နဲ့ တူနေတဲ့အတွက်ကြောင့်မို့လို့ မဲခွဲတဲ့အချိန်မှာ တစ်ခုတည်းထား ပြီးတော့ ဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ မဲခွဲတာကတော့ နည်းဥပဒေအတိုင်းပဲ ပြင်ဆင်ချက်နှစ်ဦးတင်ထားရင် နှစ်ဆင့် ဒီလိုပဲ ခွဲရပါမယ်။ နဂိုကတည်းက နှစ်ဦးက တစ်သဘောတည်းဆိုရင် တစ်ဦးတည်း တင်ထားရင် ဒါတစ်ခါတည်းခွဲရပါမယ်။ ဒါကြောင့်မို့လို့ ဒါကတော့ ပေါင်းခွဲလို့မရဘူး။ ဒါက ဦးစိုင်းသန့်ဇင်ကို ရှင်းပြတာဖြစ်ပါတယ်။ ပုဒ်မ ၁၂ (ဂ) ပုဒ်မ ၁၃(ည)နဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ပုဒ်မ ၁၃(ည)မှာ အဆိုပြုပြဋ္ဌာန်းချက်မှာ ဆိုလို့ရှိရင် အများပြည်သူနဲ့သက်ဆိုင်တဲ့ ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှု လုပ်ငန်းများတည်ထောင် ခွင့်တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ဒီသက်ဆိုင်ရာဆိုတဲ့ နေရာမှာ တိတိကျကျပြဋ္ဌာန်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ဆိုပြီးတော့ ကျွန်မက ဖြည့်စွက်ခြင်းပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၁၃(ည)မှာဆိုလို့ရှိရင် ဥပဒေကြမ်း ကော်မတီမှ တင်သွင်းထားသော အမျိုးသားလွှတ်တော်၏အတည်ပြုချက်မှာ ကျစ်လျစ် ခိုင်မာမှုရှိ သဖြင့် ဥပဒေကြမ်းကော်မတီမှတင်သွင်းသော အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို အတည်ပြု ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ည) ပြင်ဆင်မှုနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၂(ဂ) ပုဒ်မ ၁၃(ည)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း အဆိုပြုဆွေးနွေးခဲ့ပြီး သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်နဲ့ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီက သဘောတူသော အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နဲ့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီက သဘောတူသော အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၁၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၆၄ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၂(ဂ) ပုဒ်မ ၁၃(ည)နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့

ပြင်ဆင်ချက်ကိုမဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါ်နန်းခမ်းအေးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၀၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၂(ဂ) ပုဒ်မ ၁၃(ည)သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၂(ဃ) ပုဒ်မ ၁၃(ပ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မ ၁၃ ပုဒ်မခွဲ(ပ)မှာ တရားဥပဒေစိုးမိုးရေး နှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သောနေရာများကို ခိုင်လုံသောအကြောင်းပြချက်ဖြင့်စစ်ဆေးခြင်းလို့ ဖော်ပြထားပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ အကြောင်းကတော့ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စစ်ဆေးရန်လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက်နှင့် အဖွဲ့ဖြင့် စနစ်တကျဝင်ရောက်စစ်ဆေးခြင်း ဖြစ်ပါတယ်။ ပြင်ရတဲ့အကြောင်းကတော့ နေအိမ်ဥပစာတွေလည်းပါပါတယ်။ နောက်ပြီးတော့ အဖွဲ့ဖြင့် စနစ်တကျဝင်ရောက်စစ်ဆေးခြင်းကို လိုချင်ပါတယ်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့် ဝင်ရောက်စစ်ဆေးတာမျိုး မဖြစ်သင့်တဲ့အတွက် ဥပဒေအရ

တိကျမှုရှိဖို့အတွက် အဖွဲ့ဖြင့် ဝင်ရောက်စစ်ဆေးခြင်းဆိုတဲ့အပိုဒ်ကို ထည့်သွင်းစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ပ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာခင်မောင်မောင် တင်သွင်းသော အဆိုပြုထားတဲ့အချက်မှာ ပိုမိုထိရောက်အားသာပြီး လိုအပ်မှသာ စနစ်တကျ အဖွဲ့ဖြင့်သာ စစ်ဆေးခြင်းပြုရမည်ဖြစ်သဖြင့် ဒေါက်တာခင်မောင်မောင်၏ ပြင်ဆင်ချက်အဆိုကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ပ) ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီးတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်မောင် ဖြည့်စွက်အဆိုပြုတင်ပြတဲ့ တင်ပြချက်ဟာ ပိုမိုတိကျပြည့်စုံတဲ့အတွက် ဒေါက်တာခင်မောင်မောင်ရဲ့ အဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ပ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်စဉ်က အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို သဘောမတူဘဲ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်တင်ပြခဲ့သော်လည်း ယခုအခါ ဒေါက်တာခင်မောင်မောင်ရဲ့ပြင်ဆင်ချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီက ယခုထောက်ခံသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်၏ ပြင်ဆင်ချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ တင်ပြချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မဲခွဲပါမယ်။ ယခုဒေါက်တာခင်မောင်မောင်ရဲ့ ပြင်ဆင်ချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာတင်ပြချက်ကို မဲခွဲပါမယ်။ ဒေါက်တာ

ခင်မောင်မောင်ရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲပါမယ်။ ဒေါက်တာခင်မောင်မောင်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဒေါက်တာခင်မောင်မောင်ရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ တင်ပြချက်က အနိုင်ရရှိပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဗ)နှင့်စပ်လျဉ်း၍ ဒေါက်တာခင်မောင်မောင်၏ ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဒေါက်တာခင်မောင်မောင်ရဲ့ပြင်ဆင်ချက်နှင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲပါမယ်။ ဒေါက်တာခင်မောင်မောင်ရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဒေါက်တာခင်မောင်မောင်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဒေါက်တာခင်မောင်မောင်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၀ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဗ)သည် ဒေါက်တာခင်မောင်မောင်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ်(၁၃) ပုဒ်မ ၁၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၁၅ ကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း တင်ပြထားပါတယ်။ အဲဒီမှာဘယ်လိုပါလဲဆိုတော့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအကြောင်းကြောင့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံးစမ်းစစ်ဆေးမှုကို ပြုပြီး နုတ်ထွက် ခွင့်ပြုခြင်း တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ကိုပြုနိုင်သည်ဆိုပြီးတော့ ပုဒ်မ ၁၅ မှာပါတဲ့ အောက်ပါအချက် ၆ ချက်ရှိပါတယ်။ (က) နုတ်ထွက်ခွင့်ပြုရန်တင်ပြခြင်း၊ (ခ) လိုက်နာ စောင့်ထိန်းရမယ့်ကျင့်ဝတ် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ (ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊ (ဃ) အခြားဒေသသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊ (င) ကွယ်လွန်ခြင်း၊ (စ) ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအရည်အချင်းပျက်ယွင်းခြင်း ဆိုပြီးတော့ ၆ ချက်ရှိပါတယ်။ အဲဒီမှာ မြို့နယ် အုပ်ချုပ်ရေးမှူးကို လိုအပ်ပါကဆိုတော့ မြို့နယ်အုပ်ချုပ်ရေးမှူးလက်ထဲကို လုံးဝအပ်လိုက်တာဖြစ်ပါ တယ်။ ဘယ်အကြောင်းနဲ့မဆိုသူက မစစ်ဆေးဘူး၊ မလိုအပ်ဘူးလို့ယူဆရင်လည်း ဒါ မစစ်ဆေးဘူးလို့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လိုအပ်တယ် မလိုအပ်တယ်ဆိုတာက ခွဲပြီးတော့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ အဲဒီ ၆ ချက်မှာလိုအပ်တဲ့အချက် နှစ်ချက်ရှိပါတယ်။ ဒီစစ်ဆေးဖို့မလိုအပ်ဘဲ အုပ်ချုပ်ရေးမှူးက ရပ်စဲနိုင်တဲ့ ၄ ချက်ရှိပါတယ်။ အဲဒါတွေကတော့ တာဝန်မှ နုတ်ထွက် ခွင့်ပြုရန်တင်ပြခြင်း၊ နောက်တစ်ခါ အခြားဒေသတစ်ခုကို ပြောင်းရွှေ့ခြင်း၊ ကွယ်လွန်ခြင်း၊ အရေးယူ အပြစ်ပေးခံရခြင်း၊ အဲဒါမျိုးကျတော့ အုပ်ချုပ်ရေးမှူးက အမှန်တကယ်လည်း စစ်ဆေးဖို့ မလိုတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါပေမဲ့တခြားတစ်ဖက်မှာ တိုင်တာတောတာတွေအများကြီးရှိပါတယ်။ အဲဒီအချက်နှစ်ချက်ကတော့ လိုက်နာကျင့်သုံးရမယ့်ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ နောက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးအရည်အချင်းပျက်ယွင်းခြင်း၊ အဲဒီဟာကျတော့ နည်းနည်းပြောစရာ၊ ဆိုစရာ၊ ဆွေးနွေးစရာတွေရှိလာပါမယ်။ တိုင်တယ်တောတယ်ဆိုပြီးတော့ အဲဒါတွေကို မစစ်ဆေးဘဲနဲ့ အမှန်တကယ်အရည်အချင်းပျက်ယွင်းရဲ့လား၊ အမှန်တကယ်သူ့လုပ်ပိုင်ခွင့်တွေ အလွဲသုံးစားလုပ်ရဲ့ လားဆိုတာကျတော့ မစစ်ဆေးလို့ကို မရပါဘူး။ အဲဒီလိုစစ်ဆေးစေချင်တဲ့ ပုဒ်မနဲ့ မစစ်ဆေးဘဲ သူ့လုပ်ပိုင်ခွင့်အတွင်းမှာ လုပ်နိုင်တယ်ဆိုတဲ့ ပုဒ်မ အဲဒါကိုနှစ်ချက်ခွဲပြီးတော့ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ အခန်း ၃ မှာ ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အရည်

အချင်းပျက်ယွင်းခြင်း အရည်အချင်း ၁၁ ချက်ရှိပါတယ်။ အဲဒါကို ပျက်ယွင်းရင် ဒါစုံစမ်းစစ်ဆေးရမှာ ဖြစ်ပါတယ်။ အခန်း ၅ ပါ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ဒါတွေကလည်း ဟုတ်/မဟုတ် စုံစမ်းစစ်ဆေးရမယ့်ကိစ္စတွေဖြစ်ပါတယ်။ သူ့အနေနဲ့ လိုအပ်ပါက ဆိုတဲ့ဟာနဲ့ ဒါကို မလုပ်ချင်လည်းရတယ်၊ လုပ်ချင်လည်း ရတယ် ဆိုတဲ့ပုံစံမျိုးမဟုတ်ဘဲ ဒီကိစ္စတွေကျတော့ လုပ်ကိုလုပ်စေချင်တဲ့၊ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ တာဝန်ရှိတဲ့အတွက်နဲ့ ဒီကိစ္စကျတော့ အရေးယူ အပြစ်ပေးဖို့ဆိုရင် အုပ်ချုပ်ရေးမှူးရဲ့ဆန္ဒတစ်ခုတည်းသက်သက်မဟုတ်ဘဲ တကယ့်အဖွဲ့ဖွဲ့ပြီးတော့ စစ်ဆေးခြင်းက ပိုပြီးတော့ သင့်တော်တဲ့အတွက်နဲ့ ဒီလိုခွဲပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏တင်ပြချက်သည် ပုဒ်မ ၁၅ ၏ ခြေဆင်းတွင်ပါဝင်သော ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်စာစုကို ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စေရန် ဖယ်ထုတ်ခြင်းဖြစ်ပါတယ်။ ဦးဖေသန်း၏ တင်ပြချက်မှာ ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များကို ရှေ့နောက်အစီအစဉ် ပြုထားခြင်းသာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်း၏ အတည်ပြုချက်ကို လက်ခံပေးပါရန်နှင့် လွှတ်တော်၏အဆုံးအဖြတ်ခံယူမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၅ ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး ကြိုတင်ဆွေးနွေးညှိနှိုင်းထားပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်အား သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၃ ပုဒ်မ ၁၅ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူကြောင်း အဆိုပြုဆွေးနွေးခဲ့ပြီး မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို မူတည်၍

မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့ပြင်ဆင်ချက် က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၃၂၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၄၄ မဲ ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၃ ပုဒ်မ ၁၅ သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)ကို ဥပဒေကြမ်းကော်မတီမှ အောက်ပါအတိုင်း အစားထိုးရမည်ဖြစ်ပါတယ်။ တာဝန်မှရပ်ဆိုင်းခြင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ်နေသည့်ကာလတွင်ဖြစ်စေ၊ ယာယီခွင့်ခံစားခွင့်ပြုသည့်ကာလတွင်ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏တာဝန်ကို ထမ်းဆောင်ရန် မြို့နယ် အုပ်ချုပ်ရေးမှူးသည် သင့်လျော်သည့်ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးတစ်ဦးဦးအား ယာယီ တာဝန်ပေးအပ်ရမည်ဟု ပြင်ဆင်ထားပါတယ်။ အဆင့်နိမ့်ပုဂ္ဂိုလ်သည် ကျေးရွာတာဝန်ခံနှင့် ရာအိမ်မှူးများသာဖြစ်၍ တစ်ဦးထက်ပိုနိုင်ခြင်းကြောင့် လိုက်နာရန် ဥပဒေအရ ခက်ခဲမယ်ဖြစ်ပါတယ်။ ဒုတိယမဲအများဆုံးရရှိသော အုပ်ချုပ်ရေးမှူးလောင်းအား ယာယီတာဝန်ပေးရမည်ဟု ဆိုရာတွင် လည်း အကြာရှည်ဆုံးကာလမှာ ရက်ပေါင်း ၃၀ ကာလသာဖြစ်သဖြင့် တိကျစွာပြဋ္ဌာန်းပါက ရာအိမ်မှူး မရှိလျှင်သော်လည်းကောင်း၊ အကြောင်းမညီညွတ်လျှင်သော်လည်းကောင်း တာဝန်ပေးမရဖြစ်နိုင် သောကြောင့် ရွေးချယ်စေရန် သင့်တော်သည့် ကျေးရွာတာဝန်ခံ ရာအိမ်မှူးတစ်ဦးဦးအား တာဝန်ပေး

သင့်ပါကြောင်းနှင့် ဥပဒေကြမ်း၏ပြင်ဆင်ချက်ကို အတည်ပြုပေးပါရန်နှင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးတစ်ဦးဟာ အကြောင်းတစ်စုံတစ်ရာကြောင့် လစ်လပ်သွားတယ်ဆိုလို့ရှိရင် ဒုတိယမဲအများဆုံး ပြည်သူ့ဆန္ဒနှင့်ရွေးချယ်ထားတဲ့ အုပ်ချုပ်ရေးမှူး၊ ဒုတိယမဲအများဆုံးရတဲ့ပုဂ္ဂိုလ် ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ဆန္ဒနှင့် ရွေးချယ်ထားတဲ့ ဒုတိယမဲအများဆုံးရတဲ့သူကိုပဲ ယာယီအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်သင့်တယ်လို့ယူဆလို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ယာယီရပ်ဆိုင်းခံရခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းကြောင့် လစ်လပ်နေသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူး တာဝန်အား ကျေးရွာ အုပ်ချုပ်ရေး ရွေးချယ်စဉ်က ဒုတိယမဲအများဆုံးရရှိသူကို ယာယီတာဝန်ပေးအပ်ရမယ်ဆိုပြီးတော့ ကျွန်တော်ပြင်ထားပါတယ်။ ယာယီပဲရပ်ဆိုင်းဆိုင်း၊ နုတ်ထွက်လို့ပဲ ရပ်ဆိုင်းဆိုင်း၊ တာဝန်မှပဲရပ်စဲစဲ၊ ဒါက ဒုတိယအများဆုံးရရှိတဲ့သူကို ယာယီတာဝန် ပေးအပ်ရမှာဖြစ်ပါတယ်။ အဲဒါလည်း ကျွန်တော်တို့ နောက်ထပ်မရွေးချယ်ဖို့အတွက် သဘာဝကျ ပါတယ်။ ရက်ပေါင်းဘယ်လောက်ဆိုတာ ကန့်သတ်ထား စရာမလိုပါဘူး။ တစ်လပဲဖြစ်ဖြစ် ပြန်ခန့်တဲ့အခါလည်း သူကအလိုလိုတာဝန်ရပ်စဲသွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ နောက်ထပ် ရွေးချယ်ဖို့အတွက် လုပ်ငန်းတစ်ခုပိုလာမှာဖြစ်တဲ့အတွက်နဲ့ ခုနက ရပ်ဆိုင်းတဲ့ ကိစ္စတွေမှာတော့ ဒုတိယအများဆုံး ကျွန်တော်တို့ ရွေးချယ်ပြီးသား ဖြစ်တဲ့သူကိုပဲ ယာယီအားဖြင့် တာဝန်ပေးသင့်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ လည်း ထပ်တူ ကျပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အဆိုထဲမှာ တာဝန်မှယာယီ ရပ်ဆိုင်းခြင်းခံရသည့်ကာလတွင် ဆိုမယ့်အစား ယာယီခွင့်ခံစားခွင့်ပြုသည့်ကာလတွင်လို့ လွဲမှားစွာ ဖော်ပြမိတဲ့အတွက် ကျွန်တော်ဆက်ဆောင်ရွက်လို့မရတော့ပါဘူး။ ကျွန်တော့်အဆိုကို ကျွန်တော် ရုပ်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) ပြင်ဆင်ချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနဲ့ မြေပုံမဲဆန္ဒနယ် ဦးဖေသန်းတို့ရဲ့ အဆိုပြုချက်တွေဟာ ကျွန်တော်တို့မူလဥပဒေပြဋ္ဌာန်းချက်မှာပါရှိတဲ့ စကားရပ်များ အတိုင်းပဲ ဒုတိယဦးစားပေးအဆင့်ရရှိသူကို ယာယီတာဝန်ပေးအပ်ရန်နှင့် ထပ်တူကျတဲ့အတွက် ၎င်းတို့ ရဲ့အဆိုပြုချက်များအပေါ် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်းပြီး သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အပေါ် သဘောတူကြောင်း ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ၊ မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်းနဲ့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်နဲ့ ဦးမြင့်ဦး ထောက်ခံသော အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယင်းနောက် ထိုမဲခွဲမှုမှ အနိုင်ရရှိသူနဲ့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံရဲ့ပြင်ဆင်ချက်ကို ဆက်လက်ပြီး မဲခွဲပါမယ်။ ယခုဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ ဦးမြင့်ဦး ထောက်ခံတင်ပြသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိပါမယ်။

ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၆၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၁၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၄၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၃၃ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခုန ဒီပြင်ဆင်ချက်နဲ့ပတ်သက်လို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ရုပ်သိမ်းသွားတဲ့အတွက် ဒါနဲ့ပတ်သက်လို့တော့ မဲခွဲစရာမလိုတော့ပါဘူး။ ဒါကိုယ်စားလှယ်များကို အသိပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၆ ပုဒ်မ ၁၇ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ ပုဒ်မ(၁၃) ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်ခဲ့တဲ့အတွက် ဒါကိုလည်း ပယ်ဖျက်ဖို့ လိုအပ်ပါတယ်။ ပုဒ်မ(၁၇)မှာ နဂိုကပါတာကို ကျွန်တော်တို့ ရပ်ကွက်ကျေးရွာအုပ်စု နယ်ခံရဲတာဝန်မှာ မိမိအိမ်မှာလာတည်းမယ်ဆိုရင် တည်းခို ခွင့်တိုင်ရမယ်။ ပြန်သွားရင်တိုင်ရမယ်ပေါ့။ ပုဒ်မ(၁၃) ပုဒ်မခွဲ(ဆ)ပယ်ဖျက်တာကို ကျွန်တော် ပယ်ဖျက်ဖို့လုပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ပြန်လည်ပြီးတော့ ထည့်သွင်းဖို့လုပ်ထားတဲ့ ဥပဒေ ရှိပါတယ်။ အဲဒီတော့ ဘာလဲဆိုတော့ ဒီမှာပါတဲ့အတိုင်းပဲ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအတွင်း တစ်လနှင့်အထက် ကျော်လွန်၍လာရောက် တည်းခိုနေထိုင်သူများရှိပါက လူမှုအထောက်အကူ ပြုနိုင်ရန်အတွက် သတ်မှတ်ထားတဲ့နည်းလမ်းများနှင့်အညီ အသိပေးတိုင်ကြားရပါတယ်။ အသိပေး အကြောင်းကြားတာပါ။ တိုင်တာမဟုတ်ပါဘူး။ တိုင်တာနဲ့ အသိပေးအကြောင်းကြားတာနဲ့ မတူပါဘူး။ ကျွန်တော်ဘာကြောင့်မို့ ဒါကိုထည့်သလဲဆိုတော့ ဒီမှာလည်းပါပါတယ်။ လူမှုအထောက်အကူပြုဆို တော့၊ ဥပမာ ပြောရရင် ပြီးခဲ့တဲ့ကာလတွေမှာ၊ ဖားကန့်လိုဒေသမျိုးမှာ မြေစာပုံပြိုပြီးတော့ လူတွေဟာ ရာချီပျောက်ဆုံးသွားကြတယ်။ ဧည့်စာရင်းမရှိတဲ့အတွက် ဘယ်သူဘယ်ဝါသေတယ်။ ဘယ်ရွာက၊ ဘယ်မြို့ကသေတယ်ဆိုတာ မသိတဲ့အတွက် မိဘတွေက ကိုယ့်သားသမီးတွေ သေလားရှင်လား မသိဘဲနဲ့ ပျောက်ဆုံးသွားတဲ့အဖြစ်မျိုးတွေ မဖြစ်အောင်လို့ ဧည့်စာရင်းတိုင်မယ်ဆိုရင်တော့ ဒါတွေ ကျွန်တော်တို့က ဘယ်သူတွေပါတယ်ဆိုတာကို သိနိုင်ပါတယ်။ ပျောက်ဆုံးသွားတဲ့လူတွေသိတဲ့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ၊ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းက ဖြစ်စေ သူတို့ကို အထောက်အပံ့တွေ၊ အကူအညီတွေပေးမယ်ဆိုရင်လည်း ကျွန်တော်တို့ ပေးဖို့လွယ် ပါတယ်။ ဒါလေးတော့ ကျွန်တော်ထည့်ချင်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ဒုတိယထည့်ချင်တာ ကတော့ ရွေးကောက်ပွဲတွေမှာ မဲစာရင်းတွေလုပ်တဲ့အခါမှာ အားလုံးသိပါတယ်။ ဒီဧည့်စာရင်းမရှိဘူး ဆိုရင် မဲစာရင်းမှာ မဲထည့်ဖို့အခက်အခဲကြုံခဲ့ဖူးပါတယ်။

တချို့နေတာက သူရဲ့ ပုံစံ ၁၀ က ရွာမှာ ဖြစ်နေတယ်။ လက်ရှိ ကျွန်တော်တို့ ရွေးကောက်ပွဲ အချိန်မှာ တစ်နေရာရောက်နေတဲ့အခါမှာ ရွာလည်း ပြန်ပေးဖို့မလွယ်တဲ့အခါမှာ ဧည့်စာရင်းမတိုင်ဘူး ဆိုရင် သူမှာမဲပေးဖို့အခက်အခဲတွေရှိတဲ့အတွက် ကော်မရှင်ကလည်းသူ့ကို အခက်အခဲတွေတွေ့ပြီး ပေးမရတာတွေကြုံနေရတယ်။ အကယ်၍ ဧည့်စာရင်းတိုင်ထားမယ်ဆိုရင် အရင်ဥပဒေကဆိုရင်တော့

ဒီဧည့်စာရင်းက မဲစာရင်းပေးရသူဟာ လျော့သွားနိုင်ပါတယ်။ ဒါလေးတော့ ထည့်သင့်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ လူကုန်ကူးလို့ပျောက်ဆုံးသွားတယ်။ ဧည့်စာရင်းမရှိရင် မိဘက ပျောက်သွားမှန်းမသိဘူး။ ဟိုတစ်လောက ကျွန်တော်တို့ ရန်ကုန်မှာတိုက်ခန်းတစ်ခုမှာ အမျိုးသမီး တစ်ယောက် တစ်ယောက်တည်းပုပ်ပွသေဆုံးနေတာဖြစ်ပြီးတော့ ချက်ချင်းဘယ်သူမှမသိ။ နောက်မှ မိဘက ကျွန်တော်တို့ ဆက်သွယ်ပြီးမှ လချီကြာမှသိရပါတယ်။ ဒါကြောင့် ဒါတွေကြောင့်မို့ ကျွန်တော်တို့က လူမှုအထောက်အကူပြုဖို့အတွက်၊ ကူညီပေးဖို့အတွက် အရင်ဥပဒေပယ်ဖျက်ပြီးတော့ ဧည့်စာရင်းကို တစ်လကျော်ရင် အသိပေးအကြောင်းကြားမယ်ဆိုတာလေးတော့ ထည့်သင့်တဲ့အကြောင်း ကိုယ်စားလှယ်ကြီးများကို ထည့်ဖို့လည်း တိုက်တွန်းဖို့ပြောရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်(၁၆) ပုဒ်မ(၁၇)နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်ကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိမ်းထွဋ်ဖြစ်ပါတယ်။ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြရန်ခွင့်ပြုပါခင်ဗျား။ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ(၁၇)နှင့်စပ်လျဉ်းပြီး မူလဥပဒေပြဋ္ဌာန်းချက်ကတော့ Slide မှာ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်ခင်ဗျား။ အဆိုပါဥပဒေနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်က ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ(၁၇)ကို ပယ်ဖျက်ရမယ်လို့ အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းဟု ပြင်ဆင်တင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်အား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေဟာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁/၂၀၁၂)ဖြစ်ပြီး ၂၀၁၂ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာတစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ပြင်ဆင်ခဲ့ပြီး ဤဥပဒေပုဒ်မ(၁၇)ကို ပယ်ဖျက်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၃ အရ နိုင်ငံသားတိုင်းဟာ တို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်

တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၈၄ အရလည်း နိုင်ငံသားတိုင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၈၅ အရ နိုင်ငံတော်ရဲ့လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးများဟာ နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့အမျိုးသားလုံခြုံရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ နှင့် ၃၅၅ ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသတွင်နေထိုင်သည့် မည်သည့်နိုင်ငံသားပင်ဖြစ်ပါစေ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာခွင့်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသာမက နိုင်ငံတကာနယ်ပယ်မှာပါ မူးယစ်ဆေးဝါးအပါအဝင် စိတ်ကိုပြောင်းလဲစေနိုင်တဲ့ ဆေးဝါးတွေရောင်းဝယ်သုံးစွဲမှုများ တိုးပွားလာတာ တွေ့ရပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားပြုလုပ်ဖို့ နယ်စပ်ဒေသတွေကနေ တရားမဝင်လမ်းကြောင်းများ အသုံးပြု၍ ခိုးဝင်ခြင်း၊ ပစ္စည်းများပေးပို့ခြင်း၊ ပြည်တွင်း/ပြည်ပဆက်စပ်မှုရယူ၍ ရောင်ဝယ်သူများ၊ သယ်ဆောင်သူများမှာ ပစ္စည်းများနှင့်အတူဝင်ရောက်ခြင်း၊ ပြည်တွင်းမှာလည်း နည်းလမ်းအမျိုးမျိုး အသုံးပြုပြီး သယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများကတော့ Slide မှာတင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအချို့ကို လေ့လာတဲ့အခါမှာ တာဝန်သိတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ သတင်းကြိုတင်ရယူဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းများလည်း ပါဝင်ပါတယ်။ ဥပဒေနှင့်မညီတဲ့ မည်သည့်ဆောင်ရွက်မှုမျိုးကိုမဆို ဖြစ်စဉ်ဖြစ်ရပ်များရဲ့ ဆက်စပ်ပတ်သက်မှုများကို အချိန်မီဖော်ထုတ်သိရှိနိုင်ဖို့အတွက် တရားမဝင်ရောက်ရှိမှု၊ တရားမဝင်ထွက်ခွာမှု၊ တရားမဝင်နေထိုင်မှု၊ တရားမဝင်သွားလာဝင်ထွက်မှု၊ တရားမဝင်တည်းခိုမှုများကို အချိန်မီဖော်ထုတ်နိုင်ဖို့အတွက် ဧည့်စာရင်းတိုင်ကြားခြင်းဖြင့် စောင့်ကြည့်စစ်ဆေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းဟာ အုပ်ချုပ်ရေးကဏ္ဍကို အထောက်အကူပြုနိုင်မှာဖြစ်ပြီး ပြည်သူလူထုကို စိတ်အနှောင့်အယှက်ဖြစ်ဖို့၊ ဝန်ထုပ်ဝန်ပိုးဖြစ်ဖို့ ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ပါ။ တစ်ချိန်ကအုပ်ချုပ်ရေးတွင် တာဝန်ရှိသူအချို့ရဲ့ မှားယွင်းသောလုပ်ရပ်များ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ မညီစွာ ဆောင်ရွက်ခဲ့မှုများအပေါ် စိတ်ခံစားချက်နှင့် အစွဲအလန်းမထားဘဲ ပုဂ္ဂိုလ်ရေးဆန်စွာ မစဉ်းစားဘဲ နိုင်ငံတော်အကျိုးအတွက်သာ စဉ်းစားဆုံးဖြတ်ကြစေလိုပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံအနေနဲ့ နည်းပညာနောက်ကျမှု၊ စက်ပစ္စည်းကိရိယာမပြည့်စုံမှု၊ ခနအင်အားနည်းပါးမှုများကြောင့် လုံခြုံရေးဆောင်ရွက်မှုများကို နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် အခုလို ဧည့်စာရင်းတိုင်ကြားခြင်းအားဖြင့် မသမာသောလုပ်ငန်းများ၊ အဖျက်အမှောက်လုပ်ငန်းများ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဖော်ထုတ်ဖမ်းဆီးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာလုံခြုံရေးကြိုးပေါက်မှုဖြစ်စဉ်များအရလည်း မိမိတို့နိုင်ငံအနေနဲ့ မမျှော်မှန်းနိုင်တဲ့အခြေအနေများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် အခုလို ဧည့်စာရင်းတိုင်ခြင်းလုပ်ငန်းဟာ ကြိုတင်ကာကွယ်မှုအနေနဲ့ မလွဲမရှောင်သာ ဆောင်ရွက်ရန်လိုအပ်နေပါတယ်။ ဒီနေရာမှာ တင်ပြလိုတာတစ်ခုကတော့ အကြောင်းအရာကိစ္စတိုင်းကို လူ့အခွင့်အရေးစံနှုန်းတစ်ခုတည်းနဲ့ တိုင်းတာလို့မဖြစ်နိုင်တဲ့ကိစ္စများရှိပါတယ်။ မိမိနိုင်ငံရဲ့လက်ရှိအခြေအနေ၊ နိုင်ငံတကာမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့အခြေအနေ၊ အိမ်နီးချင်းနိုင်ငံများရဲ့အခြေအနေများအပေါ် မူတည်ပြီး နိုင်ငံတော်လုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်ရတာကြောင့် တစ်ခါတစ်ရံမှာ လူ့အခွင့်အရေးဆိုင်ရာများကို တစ်ဖက်စောင်းနင်းဦးစားမပေးသင့်ဘူးလို့ ယူဆပါတယ်။ လူ့အခွင့်အရေးကို ဦးစားပေးလွန်းရင် လုံခြုံရေးကိုထိခိုက်နိုင်ပြီး လုံခြုံရေးကိုဦးစားပေးလွန်းရင်လည်း လူ့အခွင့်အရေးကို ထိခိုက်နိုင်တာဖြစ်လို့ ဘက်စုံထောင့်စုံကနေ သုံးသပ်ပြီး မျှမျှတတစဉ်းစားဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူပြုတဲ့ ပုဒ်မ(၁၇)ပါ မူလပြဋ္ဌာန်းချက်အား ပယ်ဖျက်လိုက်မယ်ဆိုပါက ပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုတင်ကာကွယ်သိရှိ ဖော်ထုတ်ဖမ်းဆီးရရှိရန် အခက်အခဲများဖြစ်ပေါ်လာနိုင်တဲ့အတွက် ပြည်သူများကရွေးချယ်ပေးလိုက်တဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ လုံခြုံရေးအသိ၊ လုံခြုံရေးသတိကြီးမားစွာနှင့် အမျိုးသား လုံခြုံရေးရှုထောင့်မှ ချင့်ချိန်သုံးသပ်နိုင်ရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)ပါပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူအားလုံးဟာ မိမိတို့နိုင်ငံအတွင်း လွတ်လပ်စွာတရားဥပဒေနှင့်အညီ ညအိပ်ရောက်ရှိမှု၊ ထွက်ခွာမှုများကို ဧည့်စာရင်းတိုင်ကြားခြင်းဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တို့အတွက် နိုင်ငံသားတစ်ဦးရဲ့ တာဝန်သိစိတ်နဲ့ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းသာဖြစ်တဲ့အတွက် ယခုတင်ပြပါ ပုဒ်မ ၁၇ အား ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်နှင့်အညီ ပယ်ဖျက်ခြင်းမပြုဘဲ

မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)မှာ ဤအချက်ကို ဆွေးနွေးသဘောတူပြီးဖြစ်၍ ဦးမြင့်ထွန်း၏ တင်ပြဆွေးနွေးခြင်းအား အတည်ပြုပေးပါရန် လွှတ်တော်သို့လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပုဒ်မ ၁၇ ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီးတော့ မူလက ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ မူလဥပဒေပြဋ္ဌာန်းချက်ကို ဆက်လက်အတည်ပြုရန် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ) မှာ ပြဋ္ဌာန်းချက်ပေါ်မူတည်ပြီး ပြန်ပြင်ဆင်ရန်ပြောင်းလဲခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ကို ဆွေးနွေးစဉ်မှာလည်း ဆွေးနွေးတင်ပြခဲ့သလိုပဲ ကျွန်တော်တို့နိုင်ငံအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရတဲ့ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတွေကိုလည်း ဆွေးနွေးခဲ့ပြီးဖြစ်သလို အလားတူ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ် အနေနဲ့လည်း ပြည့်ပြည့်စုံစုံ ထည့်သွင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့ ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ မှုခင်းတွေနဲ့ ရာဇဝတ်မှုများအပါအဝင် လုံခြုံရေးဆိုင်ရာချိုးဖောက်မှုတွေကို လေ့လာဆန်းစစ်ကြည့်တဲ့အခါမှာ အခြေခံဖြစ်ပေါ်ရတဲ့ အဓိကအကြောင်းအရင်းကတော့ IRU လို့ခေါ်တဲ့ ကျွန်တော်တို့ Irregular၊ Register and Unregulated ဆိုတဲ့ ဒီမှတ်ပုံတင်စာရင်းဇယားခိုင်မာမှုမရှိမှုဟာ နိုင်ငံတော်ရဲ့တရား ဥပဒေစိုးမိုးရေး၊ လုံခြုံရေးတွေကို အဓိကချိုးဖောက်နေတဲ့လုပ်ငန်းများဖြစ်ကြောင်း လေ့လာသုံးသပ် တွေ့ရှိရပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ဖြစ်စဉ်၊ ဖြစ်ရပ်တွေနဲ့ ပြစ်မှု မှုခင်းတွေကို လေ့လာကြည့်တဲ့အခါမှာလည်း လူပုဂ္ဂိုလ်များ မှတ်ပုံတင်မှုနည်းပါးခြင်း၊ လူပုဂ္ဂိုလ်များ ဧည့်စာရင်းတိုင်ကြားမှုနည်းပါးခြင်း၊ မော်တော်ဆိုင်ကယ်အပါအဝင် ယာဉ်ယန္တရားများ မှတ်ပုံတင်မရှိဘဲစီးနင်းခြင်း စတဲ့ဒီလိုလုပ်ငန်းစဉ်တွေဟာ ဒီကနေ့ဖြစ်ပေါ်နေတဲ့ မှုခင်းဖြစ်ပွားမှုရဲ့

အဓိကအကြောင်းအချက်များအဖြစ် လေ့လာသုံးသပ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီကနေ့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ရဲလုပ်ငန်းစဉ်ကို ပြောင်းလဲဖော်ဆောင်ရာမှာ Community Policing ကိုဖော်ဆောင်ပါတယ်။ ဒီရဲလုပ်ငန်းစဉ်ကို ဖော်ဆောင်မှုရဲ့ အဓိကအချက်ဟာ ပြည်သူလူထုကို ဗဟိုပြုပြီးဆောင်ရွက်ရတဲ့ရဲလုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုသာ ကျွန်တော်တို့ရဲ့ ရဲလုပ်ငန်းစဉ်ကို အောင်မြင်မှာဖြစ်သလို နိုင်ငံတော်လုံခြုံရေးကိုလည်း ထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဥပဒေကို ကိုင်တွယ်ကျင့်သုံးရတဲ့ ကျွန်တော်တို့ဝန်ကြီးဌာနအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုမရှိဘဲနဲ့ ဘယ်လိုမှ ပြီးပြည့်စုံအောင်ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပုဒ်မ ၁၇ ပြဋ္ဌာန်းချက်နှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ မူလအဆိုပြုထားတဲ့ မူလဥပဒေပြဋ္ဌာန်းချက်ပါ ဆက်လက်ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၁၆ ပုဒ်မ ၁၇ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာတင်ချိန်က အမျိုးသားလွှတ်တော်ရဲ့ပယ်ဖျက်ရန်အတည်ပြုချက်ကို သဘောမတူဘဲ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြခဲ့သော်လည်း ယခုအခါ ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးခဲ့ပါတယ်။ သို့သော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်က ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာပါ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဆွေးနွေးထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီက ယခုသဘောတူသော တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းရဲ့ ပြင်ဆင်ချက်နဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ်က ထောက်ခံသောဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲပါမယ်။ ယခု တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းရဲ့ ပြင်ဆင်ချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့မူလအစီရင်ခံစာပါ တင်ပြချက်ကို မဲခွဲပါမယ်။ ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်ကို မူတည်၍မဲခွဲပါမယ်။ ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့မူလအစီရင်ခံစာပါ တင်ပြချက်က အနိုင်ရရှိပါမယ်။

ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၃၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၄၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၆ ပုဒ်မ ၁၇ နှင့်စပ်လျဉ်းပြီး ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို မဲခွဲပါမယ်။ ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၆၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၆၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၆ ပုဒ်မ ၁၇ သည် ဦးမြင့်ထွန်းရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၂ အရ ဆွေးနွေးရန်အချက်များ အနည်းငယ်ကျန်ရှိတဲ့အတွက် ညနေ ၄ နာရီကျော်မည်ဖြစ်ပါသဖြင့် ဒီဥပဒေကြမ်းကို ပြီးစီးသည်အထိ ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဆွေးနွေးရန်ကျန်ရှိသည့်အချက်များကို ပြီးစီးသည်အထိ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၈ ပုဒ်မ ၂၁ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်ဆွေးနွေးမယ့် ပြင်ဆင်ချက်အပိုဒ်သည် အခန်း(၉) ရပ်ကွက်သို့မဟုတ် ကျေးရွာအတွင်းနေထိုင်သူများ၏ တာဝန်ဝတ္တရားဆိုတဲ့ အခန်းထဲမှာပါရှိတဲ့ ပုဒ်မတစ်ခုဖြစ်ပါတယ်။ ဒီပုဒ်မကို စဉ်းစားတဲ့အခါမှာ အခန်း(၁၀)မှာရှိတဲ့ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးများနှင့်လည်း ဆက်စပ်နေပါတယ်။ အဲဒီမှာ ပုဒ်မ ၂၄ မှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ၏ အောက်ပါအခွင့်အရေးများကို စောင့်ရှောက်ပေးရမည်ဆိုတဲ့ အပိုဒ်မှာ (က) နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု အခွင့်အရေး၊ (ခ) ဘာသာသာသနာဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခွင့်၊ (ဂ) စာပေ၊ ယဉ်ကျေးမှု အနုပညာနှင့် ဓလေ့ထုံးတမ်းများ ပြုစုပျိုးထောင်ခွင့်၊ (ဃ) ပညာသင်ကြားရေးဆိုင်ရာအခွင့်အရေး၊ (င) ကျန်းမာရေးဆိုင်ရာ အခွင့်အရေး၊ (စ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေးနဲ့လည်းပတ်သက်နေပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ယခုကျွန်တော် ပြင်ဆင်ချက်တင်ထားတဲ့ ပုဒ်မ ၂၁ မှာဆိုလို့ရှိရင် အဆိုပြုပြဋ္ဌာန်းချက်အရ တင်ပြချက်မှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကိုကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့်စည်းကမ်းချက်များကို လိုက်နာရမည်လို့ အဆိုပြုတင်ပြထားတာဖြစ်ပါတယ်။ ဒီပြင်ဆင်တင်ပြထားတဲ့အချက်ကို ကြည့်မယ်ဆိုလို့ရှိရင် မူလဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်အရ ခွင့်ပြုမိန့်ရယူရမယ်ဆိုတဲ့ အချက်နဲ့ နှိုင်းဆမယ်ဆိုလို့ရှိရင် တော်တော်လေးကို ကြိုဆိုလက်ခံစရာ အများကြီးရှိလာပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ကျွန်တော် ဒီမှာတင်ပြချင်တာက ကျွန်တော်တို့ တိုင်းရင်းသားအများစုနေထိုင်ကြတဲ့ ပြည်နယ်တွေမှာ အထူးသဖြင့် လူနည်းစုတိုင်းရင်းသားများရဲ့ ဓလေ့ထုံးစံများအရ ကျင်းပတဲ့ပွဲတွေနဲ့ပတ်သက်ပြီးတော့ သူတို့ ဒါတွေကို ခွင့်ပြုချက်ယူဖို့ဆိုတာ ကန့်သတ်ချက်တွေအများကြီးရှိတဲ့အခါကျတော့ ဥပဒေချိုးဖောက်သလိုလည်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် လူနည်းစုတိုင်းရင်းသားတွေဟာ မြို့နဲ့အင်မတန်ဝေးကွာတဲ့နေရာမှာ နေကြတဲ့ကျေးရွာတွေဖြစ်တဲ့အပြင် လမ်းပန်းဆက်သွယ်ရေးအရလည်း သွားရလာရအင်မတန်ခက်ခဲတဲ့အတွက်ကြောင့်မို့လို့ ခွင့်ပြုမိန့်ယူဖို့ဆိုတာ တကယ်ကို ခက်ခဲခဲ့ပါတယ်။ ဒါနဲ့

ပတ်သက်ပြီးတော့ ပြင်ဆင်တင်ပြလာတဲ့အချက်ဟာ လက်ခံကြိုဆိုစရာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီမှာ လိုအပ်ချက်တွေရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒါကို ကျွန်တော်ကပြင်ဆင်အဆိုပြုခြင်းဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်အဆိုပြုလိုတာကတော့ ဒီသက်ဆိုင်ရာဆိုတဲ့နေရာမှာ ကျေးရွာထဲမှာနေထိုင်ကြတဲ့ လူတွေအတွက် မိမိရဲ့ရိုးရာဓလေ့ပွဲများကို လုပ်ဆောင်ကျင်းပတဲ့နေရာမှာ မိမိဖာသာ မိမိအင်အားနဲ့ မိမိဓလေ့ထုံးစံအရ မိမိရန်ပုံငွေနဲ့ ကိုယ့်ခြေကိုယ့်လက်တွေပေါ်မှာ ရပ်ပြီးတော့ လုပ်ဆောင်ရတာဖြစ်တဲ့ အပြင် ဗဟုသုတအပိုင်းမှာလည်း အင်မတန်မှအားနည်းပြီးတော့ မြို့တွေမှာ သက်ဆိုင်ရာတွေကို ဝင်ထွက်ရတဲ့နေရာတွေမှာ အင်မတန် အများကြီးအခက်အခဲရှိပါတယ်။ အဲဒါကို ပိုမိုလွယ်ကူစေတဲ့ အနေအထားဖြစ်အောင် ကျွန်တော်ပြင်ဆင်တင်ပြခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီမြို့နယ်တစ်ခုလုံးကို လွှမ်းခြုံပြီးတော့ စီမံခန့်ခွဲရတဲ့မြို့နယ်အုပ်ချုပ်ရေးအနေနဲ့လည်း ဒီဒေသအတွင်းမှာ ဘာတွေဖြစ်နေ တယ်ဆိုတာကို အချိန်နဲ့တစ်ပြေးညီ သိရှိဖို့ကိုလည်း လိုအပ်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်ရဲ့ ပြင်ဆင်တင်ပြချက်ဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနား များ၊ အများပြည်သူဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေး ထားသည့်စည်းကမ်းချက်များကို လိုက်နာရမည်ဆိုတဲ့ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆိုကို စဉ်စား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၈ ပုဒ်မ ၂၀ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ စာမျက်နှာ ၄၁ ပုဒ်မ ၂၀ ရဲ့အဆိုပြု ပြဋ္ဌာန်းချက်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကို ကျင်းပ လိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်း ချက်များကို လိုက်နာရမည်ဆိုပြီးတော့ အဆိုပြုပြဋ္ဌာန်းထားပါတယ်။ ကျင်းပလိုပါက စည်းကမ်းချက်ကို လိုက်နာရမယ်ဆိုတော့ ကောင်းပါပြီ။ ကျွန်မ ကျင်းပါလိုပါတယ်။ အဲဒီစည်းကမ်းချက်ကို လိုက်နာ ချင်ပါတယ်။ လိုက်နာပါ့မယ်။ ဒါပေမဲ့ ကျင်းပခွင့်ရမရ ကျွန်မဘယ်လိုသိနိုင်ပါသလဲ။ ရိုးရာဓလေ့ ဘာသာနဲ့ သက်ဆိုင်တဲ့ဟာကို သက်ဆိုင်ရာတာဝန်ရှိသူထံဆိုတော့ ဒါဆိုရင် ကျွန်မဘာသာရေးပွဲလုပ် မှာဆိုတော့ ဘာသာရေးနဲ့သက်ဆိုင်တဲ့ မြို့နယ်သံဃာ့အဖွဲ့အစည်းမှာပဲ ကျွန်မတင်ပြပြီးတော့ အုပ်ချုပ်

ရေးမှူးဆီတင်ပြစရာမလိုဘူးဆိုတာများ ဖြစ်နိုင်ပါသလား။ ကျွန်မလွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူတွေကရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါ။ ကျွန်မတို့ပြဋ္ဌာန်းရမယ့် ဥပဒေတွေ၊ ပြင်ဆင်ရမယ်၊ လိုအပ်ရင် ဖြည့်စွက်ရမယ်၊ အသစ်ရေးဆွဲရမယ်ဆိုတဲ့ ဥပဒေတွေဟာ ကျွန်မတို့ ထိရောက်မှု၊ တိကျမှု၊ ပြတ်သားပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြီးပြည့်စုံစွာဖော်ပြထားတဲ့ ပြည်သူ့အကျိုးရှိတဲ့ ဥပဒေပဲဖြစ်သင့်ပါတယ်။ ကျစ်လစ်မှုရှိပြီးတော့ လိုရင်လိုသလို ဆွဲလို့သုံးရတဲ့ အားနည်းချက်ရှိတဲ့ ဥပဒေတော့မဖြစ်သင့်ပါဘူး။ အဲဒါကြောင့် ကျွန်မဒီကျင်းပလိုပါက သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များနှင့်အညီ ကျင်းပရမည်ဆိုပြီးတော့ ကျွန်မပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ၂၁ ကို ဦးစိုင်းသန့်ဇင်နှင့် ဒေါ်နန်းခမ်းအေးတင်သွင်းချက်မှာ အုပ်ချုပ်ရေးမှူးတစ်ဦးကိုသာ အသိပေးတင်ပြရန်သာဖြစ်သဖြင့် အခြားသက်ဆိုင်ရာသို့ အသိပေးတင်ပြရန်မလိုဟုဆိုသော အဓိပ္ပာယ်သက်ရောက်နေသဖြင့် အခြားဌာနများနှင့်လည်း သက်ဆိုင်သဖြင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသော အမျိုးသားလွှတ်တော်၏အတည်ပြုချက်အား အတည်ပြုသင့်ပါကြောင်း လွှတ်တော်သို့လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၂၁ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီ တင်ပြချက်နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦးတို့၏ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဲခွဲပါ့မယ်။ ဆွေးနွေးပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၁၈ ပုဒ်မ ၂၁ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူကြောင်း အဆိုပြုဆွေးနွေးခဲ့ပြီး သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်နှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတို့က

ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါ့ကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူနှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်ရဲ့ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးစိုင်းသန့်ဇင်ရဲ့ပြင်ဆင်ချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၄၀၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၄၁ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၈ ပုဒ်မ ၂၁ နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်နှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါ်နန်းခမ်းအေးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၁၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၆၅ မဲ၊ ကြားနေဆန္ဒမဲ ၂ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၈ ပုဒ်မ ၂၁ သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၀ ပုဒ်မ ၂၇ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်တို့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)မှာ ဧည့်စာရင်းတိုင်ရမယ် ဆိုတဲ့ ပုဒ်မကိုလည်းပယ်ဖျက်ပြီး ဖြစ်ပါတယ်။ ဒီလိုပဲ အဲဒီလို ဧည့်စာရင်းတိုင်ရမယ်ဆိုတာကို ပယ်ဖျက် လိုက်တဲ့အတွက် တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းကျဆင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးအတွက် လိုအပ် လို့ရှိရင် လုံလောက်တဲ့အကြောင်းပြချက်နဲ့ ဝင်ရောက်စစ်ဆေးနိုင်တယ်ဆိုတာကိုလည်း (ဃ)မှာ ပြဋ္ဌာန်း ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဒ်မ ၁၇ မှာ ဧည့်စာရင်းတိုင်ကြားရန် မလိုတော့ဘဲနဲ့ အကြောင်းကြား ရမယ်လို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုဥပဒေမှာ ပုဒ်မ ၁၇ ကို မလိုအပ်တော့ ဘဲနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးဖို့လို့ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၂၇ မှာ ပြစ်ဒဏ်ဖြစ်ပြီးတော့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)မှာ ပါရှိသော ပြစ်ဒဏ်ကိုပယ်လိုက်တဲ့အပြင် ၎င်းနှင့်ဆက်စပ်နေသော ပုဒ်မ ၁၇ ပြစ်ဒဏ်ကို ပယ်ဖျက်ခြင်းမှာ သင့်တော်သဖြင့် ဦးမြင့်ဦး၏အဆို တင်ပြချက်ကို လွှတ်တော်မှ လက်ခံအတည်ပြုပေး ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၂၇ ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး ခုနက ပုဒ်မ ၁၇ လည်း ပယ်ဖျက်ပြီးဖြစ်တဲ့အတွက် သနပ်ပင်မဲဆန္ဒနယ် ဦးမြင့်ဦးရဲ့ တင်ပြချက်ကို သဘောတူပါကြောင်း တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၀ ပုဒ်မ ၂၇ နှင့်စပ်လျဉ်းပြီး သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း သဘောတူကြောင်း ဆွေးနွေးမှုအပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာ တင်ချိန်က

**မူကြမ်း**

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြင်ဆင်ချက်အဆိုတင်ပြခဲ့သော်လည်း ယခုအခါ ဦးမြင့်ဦးရဲ့ တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို သဘောတူကြောင်း ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ဦးမြင့်ဦးကထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့်ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ဦးမြင့်ဦးနဲ့ဥပဒေကြမ်းကော်မတီက ယခုထောက်ခံတင်ပြသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကိုမူတည်၍ မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၀၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၇ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၂၀ ပုဒ်မ ၂၇ သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်ချက်နဲ့ စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ အားလုံးကို လေးစားပါတယ်။ ကျွန်တော့်တင်ပြချင်တာကတော့ ရွေးချယ်ခွင့်နဲ့ပတ်သက်လာရင် စည်းကမ်းတစ်ခု ချမှတ်ဖို့လိုမယ်။ နောက်မို့ဆိုရွာတွေမှာ လူမစုံဘဲ၊ လူလျော့နေတယ် စသည်အားဖြင့် ပြဿနာဖြစ်ပြီး ကျွန်တော်တို့ဆီကိုပဲ ပြန်ပြီးပြဿနာလာပြီးဖြစ်တဲ့အတွက် စနစ်တစ်ခုရှိဖို့လိုတဲ့အတွက် ဒီအချက်ကို ထည့်ခြင်းဖြစ်ပါတယ်။ ရွေးချယ်ပွဲများတွင် တက်ရောက်ခွင့်ရှိသူ၏ ၅၀ ရာခိုင်နှုန်းကျော် တက်ရောက်မှသာ ရွေးချယ်ခွင့်ထမြောက်သည်ဟု အထွေထွေအခန်းမှာ ထည့်ရပါတယ်။ ဒီဟာကို အဆိုပြုပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးချယ်ပွဲများတွင် တက်ရောက်ခွင့်ရှိသူ ၅၀ ရာခိုင်နှုန်းတက်ရောက်မှသာ ရွေးချယ်ပွဲအထမြောက်သည်ဆိုသည်မှာ မဖြစ်နိုင်သည့်အပြင် ငွေနှင့်အချိန်ကုန်ပြီး လုပ်ငန်းမပြီးခြင်းသာဖြစ်နိုင်ပါသဖြင့် ပယ်ဖျက်သင့်ပါကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်သာခံယူသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအသစ်ဖြည့်စွက်ချက်နဲ့ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ ဦးအောင်ကျောင်ဖံတို့ရဲ့ အဆိုပြုချက်နဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူမည်ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကျော်ဖံရဲ့ အသစ်ဖြည့်စွက်ချက်ကို ဥပဒေကြမ်းကော်မတီက မလိုအပ်ဘူး။ လွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူမယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဦးအောင်ကျောင်ဖံရဲ့ အသစ်ဖြည့်စွက်ချက်ကို မူတည်၍မဲခွဲဆုံးဖြတ်ပါမယ်။ ဦးအောင်ကျော်ဖံရဲ့ အသစ်ဖြည့်စွက်ချက်ကို ထောက်ခံမဲများလျှင် ဦးအောင်ကျော်ဖံရဲ့ အသစ်ဖြည့်စွက်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ဖံရဲ့ အသစ်ဖြည့်စွက်ချက်က အတည်မဖြစ်ပါ။ ယခုဆွေးနွေးတဲ့ ဦးအောင်ကျော်ဖံရဲ့ အသစ်ဖြည့်စွက်ချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၁၇၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၀၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၇ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲကများတဲ့အတွက် ဦးအောင်ကျော်ဖံရဲ့ အသစ်ဖြည့်စွက်ချက်ကို ဤဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်မပြုကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ်(၂၁) ပုဒ်မ ၃၃ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေ့က ကျွန်တော်တို့ ပြင်ဆင်ခဲ့တဲ့ အချက်တွေနဲ့ လိုက်လျောညီထွေဖြစ်စေဖို့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပုဒ်မ ၃၃ ကို ပယ်ဖျက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၁ ပုဒ်မ ၃၃ နှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဖုံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ကျွန်တော်ဆွေးနွေးရမယ့် အချက်ကတော့ ရပ်ကျေးအုပ်စု အုပ်ချုပ်ရေးမှူးများသည် ဈေးစာရင်းတိုင်ကြားခြင်း ကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမပြုရလို့ဆိုတဲ့အပိုဒ် မထည့်သင့်ဘူး ဆိုတာကို ဆိုလိုတာဖြစ် ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ပြုနေတာက ဥပဒေဖြစ်ပါတယ်။ ဥပဒေရဲ့ Format က မူသဘောဆိုင်တဲ့ ကိစ္စများကိုတော့ ထည့်ရပါတယ်။ အခု ကျွန်တော်တို့ ဈေးစာရင်းတိုင်ရင် ပိုက်ဆံမကောက်ရဘူးဆိုရင် ထောက်ခံစာတောင်းရင်ရော ပိုက်ဆံကောက်ရသလား။ ဒါမျိုးတွေလည်း စဉ်းစားစရာဖြစ်လာပါတယ်။ အဲဒါကြောင့် မူသဘောဆန်ဆန်စဉ်းစားတဲ့အခါမှာ ဥပဒေက အမျိုးမျိုးရှိပါတယ်။ ဥပဒေရှိတယ်။ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ဆိုတာရှိတယ်။ နည်းဥပဒေရှိတယ်။ စည်းမျဉ်းဥပဒေရှိတယ်။ စည်းကမ်းဥပဒေရှိတယ်။ အဲဒါတွေဟာ သူ့အဆင့်နဲ့သူ အာနိသင်ရှိပါတယ်။ ဒီကိစ္စတွေက နည်းဥပဒေမှာ လုပ်ထုံးလုပ်နည်းမှာထည့်ရမယ့်အစား ဥပဒေထဲဝင်လာတဲ့အတွက် ကျွန်တော်ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ နည်းဥပဒေမှာထည့်ရင်လည်း ရမှာပေါ့။ ကျွန်တော်တို့က အခု ဒီဥပဒေမှာ မထည့်ပါနဲ့။ နည်းဥပဒေမှာကျမှ ထည့်ပါလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒါတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရှေ့ပုဒ်မများတွင် ဈေးစာရင်းနဲ့ပတ်သက်ပြီး တိုင်ကြားခြင်းကိုလွှတ်တော်မှ အတည်မပြုခဲ့သည့်အတွက် ဈေးစာရင်းတိုင်ကြားခြင်းကို ငွေကြေးတစ်စုံတစ်ရာ ပေးချေခြင်းကို ပယ်ဖျက်သင့်ပါကြောင်းနှင့် ဦးမြင့်ဦးတင်သွင်းသော အမျိုးသား

လွှတ်တော်၏ အတည်ပြုချက်ကို လက်ခံသင့်ပါကြောင်း လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၃၃ ပယ်ဖျက်ခြင်းနှင့်ပတ်သက်ပြီးတော့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)အား ပယ်ဖျက်ပြီးဖြစ်ပါသဖြင့် အဆိုပြုပြင်ဆင်ချက်ပါအတိုင်း သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၁ ပုဒ်မ ၃၃ နှင့်စပ်လျဉ်းပြီး သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနဲ့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ တို့က အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း ဆွေးနွေးမှုအပေါ် ဥပဒေကြမ်းကော်မတီက မူလအစီရင်ခံစာ တင်ချိန်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောမတူဘဲ ပြင်ဆင်ချက်အဆိုတင်ပြခဲ့သော်လည်း ယခုအခါ ဦးမြင့်ဦးနဲ့ ဦးအောင်ကျော်ဇံတို့ရဲ့ တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို သဘောတူကြောင်း ထောက်ခံ ဆွေးနွေးသွားခဲ့ပါတယ်။ ဒါကြောင့် ဦးမြင့်ဦးနဲ့ ဦးအောင်ကျော်ဇံတို့ထောက်ခံ၍ ဥပဒေကြမ်း ကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့်ဥပဒေကြမ်း ကော်မတီရဲ့ မူလအစီရင်ခံစာပါ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်ပါမယ်။ ဦးမြင့်ဦးနဲ့ဦးအောင်ကျော်ဇံတို့က ထောက်ခံ၍ ဥပဒေကြမ်းကော်မတီက ယခုပြန်လည်သဘောတူသော အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုမူတည်၍ မဲခွဲပါမယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ထောက်ခံမဲများ လျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ မူလအစီရင်ခံစာပါ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါ တယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၃၀၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၁ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂၃ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၂၁ ပုဒ်မ ၃၃ သည်

အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်(အင်္ဂါနေ့)

နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၆း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ၁၆း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**